# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၈၆)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ချင်းတိုင်းရင်းသားရိုးရာအလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အကအဖွဲ့က ချင်းတိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ချင်းအလှ၊ ချင်းဟန်တို့ဖြင့်ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်) ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ✭

**၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများယှဉ်ပြိုင်မှု အောင်မြင်စွာကျင်းပပြီးစီး** စာ - ၅ သို့

**ဆောင်းပါး** **မဟာဇနကဇာတ်တော်** ကိုဇော်ဌေး(ယဉ်ကျေးမှု) စာ - ၁၂ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်)

# နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ကောင်းသည့်ပြိုင်ပွဲကြီး

မြန်မာနိုင်ငံသည် သမိုင်းကြောင်းရှည်လျားသည့်နိုင်ငံဖြစ်သည်နှင့်အညီ သမိုင်းကြောင်းနှင့်အတူ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော ကိုယ်ပိုင်အနုသုခုမယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ မိခင်ဘာသာစကား၊ စာပေသမိုင်းကြောင်းတို့မှာလည်း မြင့်မားလှသည်။ နိုင်ငံနှင့်လူ့အဖွဲ့အစည်း၏ စံထားရမည့်တန်ဖိုးများဖြစ်သည့်အပြင် ဂုဏ်ယူဖွယ်ရာအမွေအနှစ်များဖြစ်သည်။ ထိုသို့ကောင်းမွန်သော အမွေအနှစ်များကို ရှေးမြန်မာများကထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသလို ယနေ့ခေတ်မြန်မာများကလည်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာဟုဆိုရာတွင် မြန်မာနိုင်ငံအတွင်း နှစ်ပရိစ္ဆေဒကြာမြင့်စွာ အေးအတူပူအမျှအတူတကွယှဉ်တွဲနေထိုင်လာခဲ့ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားအပေါင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင်လည်း တိုင်းရင်းသားပေါင်းစုံတို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုဝေးရာအသိုက်အဝန်းကြီးဖြစ်ပြီး လူမျိုး၊ လူမျိုးစုအသီးသီးတို့၏ ယဉ်ကျေးမှုများပေါင်းစည်းနေထိုင်ရာ အစုအဝေးတစ်ခုဖြစ်သည်။ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် တိုင်းရင်းသားများ၏ ရိုးရာတူရိယာပစ္စည်းများကိုပေါင်းစပ်ပြီး တိုင်းရင်းသားဘာသာစကားနှင့်ရေးစပ်ထားသည့် ဂီတအနုသုခုမနှင့်တိုင်းရင်းသားအကပြိုင်ပွဲများကို တွေ့မြင်ရသည်။ တိုင်းရင်းသားအားလုံး၏ အနုပညာနှင့်ဓလေ့ထုံးတမ်းများကို ယခုကဲ့သို့ ဂုဏ်ယူစွာဖော်ထုတ်ပေးနေသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို လေးစားတန်ဖိုးထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို လေးစားတန်ဖိုးထားခြင်းလည်းဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြီးကျယ်ခမ်းနားစွာကျင်းပလာခဲ့သည်မှာ စတင်ကျင်းပသည့်နှစ်မှယခုနှစ်ထိ ရေတွက်လျှင် ငွေရတုသို့တိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်အနေဖြင့်လည်း သုံးနှစ်တိုင်တိုင် အောင်အောင်မြင်မြင်ကျင်းပပေးလျက်ရှိသည်။ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ သံယောဇဉ်တရား၊ မေတ္တာတရားထားရှိမှုတို့သည် ယခုကဲ့သို့ပြိုင်ပွဲကြီးမှနားလည်မှုမှန်ကန်စွာ ပေါ်ထွက်လာမည်ဖြစ်သည်။ တိုင်းရင်းသားအချင်းချင်းယဉ်ကျေးမှုဖလှယ်ခွင့်၊ ကြားသိမြင်တွေ့ခွင့်ရသည့်အတွက်လည်း ချစ်ကြည်ရင်းနှီးမှုခိုင်မာသည်ထက်ခိုင်မာလာမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲနှင့်နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များကိုယ်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးလျက်ရှိသည်။

အောက်တိုဘာလ ၁၉ ရက်တွင် ကျင်းပသည့် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့်အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရိုးရာအကအဖွဲ့များက တိုင်းရင်းသားနှင့်ကျေးလက်ရိုးရာဓလေ့စရိုက်များပေါ်လွင်စေသည့်အကအလှများဖြင့် အဖွဲ့လိုက်အချိုးအဆစ်ညီညာပြေပြစ်ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။ ချစ်ခင်မြတ်နိုးဖွယ်ကောင်းလှသည့် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအကများမှာ ကြည့်မြင်ရသူတို့အဖို့ ဆန်းသစ်လှသည်။ တစ်နှစ်ထက်တစ်နှစ် အစီအစဉ်အသစ်များတိုးချဲ့ကာယှဉ်ပြိုင်စေခြင်းဖြင့် ပိုမိုပြည့်စုံမှုရှိလာသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဘာသာရပ်စုံလင်အောင်ထည့်သွင်းပြိုင်ပွဲဝင်စေသည့်အပြင် ဇာတ်သဘင်ပညာရပ်များ မတိမ်ကောမပပျောက်စေရန်အတွက် ဇာတ်တော်ကြီးများကိုလည်း ကပြယှဉ်ပြိုင်စေလျက်ရှိသည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့သည် ဗုဒ္ဓအဖြစ်သို့ရောက်တော်မမူမီ ဗုဒ္ဓလောင်းလျာ၏ ဆယ်ဘဝဖြစ်တော်စဉ်ကို ဖော်ပြခြင်းဖြစ်သည်။ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးကိုလည်းကောင်း၊ ဇာတ်တော်ကြီးပြိုင်ပွဲတွင် “မဟာဇနက” ဇာတ်တော်ကြီးကိုလည်းကောင်း ကပြယှဉ်ပြိုင်ကြရသည်။ ပြိုင်ပွဲများအနေဖြင့် မူရင်းဇာတ်တော်ကြီး၏ တီးလုံး၊ တီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့်အနုပညာရသမြောက်စွာပေါင်းစပ်ပြီးယှဉ်ပြိုင်ကြရခြင်းဖြစ်သည်။ ရုပ်စုံသဘင်နှင့်ဇာတ်သဘင်ပညာရပ်များကို ယခုကဲ့သို့ပြိုင်ပွဲကျင်းပပေးခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ စိတ်ဝင်စားလာကြသည်။ ပညာရပ်တစ်ခု၏တန်ဖိုးကိုထဲထဲဝင်ဝင်သိမြင်လာသည်။ ရုပ်စုံသဘင်မှာ ကြိုးဆွဲနှင့် ဆို၊ ငို၊ ပြော ၁၃ ယောက်၊ ဆိုင်းခုနစ်ယောက်ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသည်။ ရုပ်သေးပညာရပ်တိမ်ကောစပြုလာချိန်တွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် အင်တိုက်အားတိုက်ဆင်နွှဲခွင့်ရခြင်းမှာ ပါဝင်ယှဉ်ပြိုင်သူတို့အတွက် ဝမ်းသာဖွယ်ဖြစ်သည်။မြန်မာ့ရိုးရာအနုသုခုမပညာရပ်များမှာ အဖွဲ့လိုက်ပါဝင်ယှဉ်ပြိုင်ရသည်များတွင် အဖွဲ့သားအားလုံးက မိမိတို့ကျရာဇာတ်ရုပ်ကိုပီပြင်စွာ ဆောင်ရွက်နိုင်ကြရသည်။ အနုသုခုမပညာရပ်များမှာ သင်တိုင်းလည်းတတ်မြောက်သည်မဟုတ်ဘဲ ဖွဲ့၊ လုံ့လ၊ ဝီရိယ ကြိုးစားမှုနှင့် ပါရမီအခြေခံရှိမှသာ တတ်မြောက်သည့်ပညာရပ်ဖြစ်သည်။ ခက်ခဲနက်နဲလှသည့်အပြင် ပညာရပ်အားလုံးကို ထိန်းချုပ်ထားသည်မှာစည်းနှင့်ဝါးဖြစ်ပြီး ပရမ်းပတာပညာရပ်မဟုတ်ပေ။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်စီမံမှုနှင့်အတူ နှစ်စဉ်ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ နိုင်ငံနှင့်လူမျိုးအတွက် အလွန်ပင်ဂုဏ်ယူဖွယ်ရာကောင်းလှသည့် ပြိုင်ပွဲဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
# ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ရေဆင်းမျိုး(၁) မိုးနှောင်းနေကြာ စံကွက်စိုက်ပျိုးရန် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ကျောက်ဆည် အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသအတွင်း စားသုံးဆီဖူလုံပိုလျှံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဒွေးလှကျေးရွာရှိ သမဝါယမအသင်းသားများ၏ ယာမြေများတွင် ရေဆင်းမျိုး(၁) မိုးနှောင်းနေကြာ စံကွက်စိုက်ပျိုးရန် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၏ လူမှုစီးပွားဘဝများအဆင်ပြေစေရေးအတွက် မြို့နယ်အတွင်းရှိ ကျေးရွာ ၆၄ ရွာ၊ သမဝါယမအသင်း ၆၄ သင်းမှ အသင်းသား ၂၃၅၉ ဦး၏ ယာမြေ ၈၈၇၂ ဧကတွင် စိုက်ပျိုးရန်အတွက် ရေဆင်းမျိုး (၁) မိုးနှောင်းနေကြာမျိုးစေ့များကို ရာသီပေါ်ပေးစနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အတွင်း၌ မိုးနှောင်းနေကြာသီးနှံစိုက်ခင်းများ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်းပြီး နည်းပညာများစနစ်တကျ ကူညီပေးလျက်ရှိကြောင်း၊ အထွက်နှုန်းများပြားစေရန်အတွက် ပင်ကြား တန်းကြား ၁၅ လက်မခန့်အကွာဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဖျောက်ဆိပ်ပင်ကျေးရွာ၌ သမဝါယမအသင်းသားများစိုက်ပျိုးထားသည့် ဝါနှင့်ပဲစင်းငုံ သီးညှပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ




ကျောက်ဆည် အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့် သမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် ဝါနှင့်ပဲစင်းငုံ သီးညှပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမအသင်းသားတောင်သူများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အရည်အသွေးကောင်းမွန်သောမျိုးများ စိုက်ပျိုးနိုင်စေရန်၊ သွင်းအားစုများဖြစ်သော သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့်ပေါင်းသတ်ဆေးများကို အချိန်မီအသုံးပြုနိုင်စေရန်၊ သီးနှံများအရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းမြင့်မားစေရန်၊ အဝယ်ဒိုင်များနှင့်ချိတ်ဆက်ပြီး ဈေးကွက်ရရှိစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ ဖျောက်ဆိပ်ပင် လယ်ယာနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းမှာ စုစုပေါင်းအသင်းသားဦးရေ ၁၈၀ ရှိပါတယ်။ စိုက်ဧကပေါင်း ၉၈၄ ဧကရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကနေ ချေးငွေရယူပြီး မျိုးစေ့နဲ့ သွင်းအားစုတွေကို ပံ့ပိုးပေးထားပါတယ်။ အဲဒီစိုက်ဧကတွေ တစ်ဧကအထွက်နှုန်းတိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက်လည်း နည်းပညာအကူအညီတွေ ဖြန့်ဖြူးပေးနိုင်အောင် သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်" ဟု ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထွန်းဦးကပြောသည်။

ထိုသို့ သမဝါယမအသင်းသားတောင်သူများကို စတင်ထွန်ယက်ချိန်မှ သီးနှံဆွတ်ခူးရောင်းချချိန်ထိ သမဝါယမဦးစီးဌာနမှ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးသည့်အတွက် တောင်သူများ စိုက်ပျိုးမှုကုန်ကျစရိတ်နည်းပါးပြီး သီးနှံထွက်ရှိချိန်တွင်လည်း စုပေါင်းရောင်းချရသောကြောင့် ကာလပေါက်ဈေးအတိုင်း တစ်ပြေးညီဈေးရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုအခါ ဝါစိုက်ပျိုးဖြစ်ထွန်းသော နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မြို့နယ်အလိုက် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်ထိ သမဝါယမအသင်းသား တောင်သူဦးရေ ၁၉၃၉၉ ဦး၊ ဝါစိုက်ဧကပေါင်း ၆၈၃၉၆ ဧကဖြင့် သမဝါယမအသင်းပေါင်း ၄၄၇ သင်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ရန်ကုန်တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အသက် ၂၀ နှစ်အောက် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပရန်စီစဉ်

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်မှကြီးမှူးပြီး အားကစားနှင့်ကာယပညာကော်မတီမှ အသက် ၂၀ နှစ်အောက် အမျိုးသားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို အောက်တိုဘာလ ၂၈ ရက်မှ နိုဝင်ဘာလ ၉ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၊ ပဒေသာကွင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း (၁) နှင့် ပဒုမ္မာကွင်းတို့၌ ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို လူငယ်မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အသက် ၂၀ နှစ်အောက် ကစားသမားများကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကာ မြန်မာနေရှင်နယ်လိဂ်၊ မြန်မာနေရှင်နယ်လိဂ်(၂)၊ မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲဝင် ကစားသမားများအား ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သတ်မှတ်ထားသည်။

ရှုံးထွက်စနစ်ဖြင့်ကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အသင်းတစ်သင်းတွင် ကစားသမား ၂၄ ဦးအထိ မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ကာ အုပ်ချုပ်သူ၊ နည်းပြ စုစုပေါင်း ခြောက်ဦးအထိ ခွင့်ပြုထားသည်။ အသင်းတစ်သင်း၏အင်္ဂါရပ်နှင့် ကိုက်ညီသည့် ဘောလုံးအသင်းများကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အသင်းများကို ဦးစားပေးပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ဆုကြေးအဖြစ် ပထမဆု ငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆု ငွေကျပ် ၇၅ သိန်း၊ တတိယဆု ငွေကျပ်သိန်း ၅၀ နှင့် အကောင်းဆုံးကစားသမားများကို ငွေကျပ် ငါးသိန်းစီချီးမြှင့်မည်ဖြစ်သည်။ ထို့ပြင် ပြိုင်ပွဲကျင်းပသည့်ရက်တိုင်းတွင် ပြိုင်ပွဲဝင်အသင်းများအား ခရီးဝေးအသင်းအတွက် ငွေကျပ် သုံးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အသင်းများအတွက် ငွေကျပ် တစ်သိန်း ပံ့ပိုးပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများသည် ရန်ကုန်တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ် အမှတ် (၆၃၁/က) ပြည်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း - ၀၉-၄၂၄၇၅၆၇၆၅ သို့ ဆက်သွယ်၍ ပြိုင်ပွဲဝင်ပုံစံများကို အောက်တိုဘာလ ၂၃ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၇၉၆၅၅၂၇၇၉ နှင့် ၀၉-၅၀၁၉၄၁၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဝန်းရံခ**

# ဖျာပုံမြို့နယ်မှ ဒေသထွက် ကဏန်းပျော့များ ဝယ်လိုအားများပြီး အရောင်းအဝယ် ကောင်းမွန်နေ

ဖျာပုံ အောက်တိုဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ဒေသထွက်မွေးမြူရေး ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဖျာပုံမြို့နယ်၌ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုစုခိုင်၏ ပြောပြချက်အရ သိရသည်။

ဖျာပုံမြို့နယ်မှထွက်ရှိသည့် မွေးမြူရေးကဏန်းပျော့များကို အောက်တိုဘာလ ပထမပတ်မှစတင်၍ လက်ရှိအချိန်ထိ ဝယ်လိုအားကောင်းနေပြီး ငါးရက်တာကာလအတွင်း သန့်စင်ပြီး ကဏန်းပျော့ ပိဿာ ၃၇၀၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

"ဖျာပုံဘက်ကထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ကဏန်းပျော့က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်ပြန်သွက်နေတယ်။ တင်ပို့ကုန်များလာတော့ ကဏန်းပျော့မွေးမြူရေးလုပ်ငန်း လုပ်ကိုင်တဲ့သူတွေ၊ ကုန်ပစ္စည်းတင်ပို့တဲ့လုပ်ငန်းတွေနဲ့ ဆက်စပ်လုပ်ငန်းလုပ်ကိုင်တဲ့သူတွေ အဆင်ပြေလာပါတယ်။ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပနိုင်ငံတွေဆီ ပြန်လည်တင်ပို့လာတာကြောင့်လည်း အဝယ်လိုက်လာတာပါ။ ဒီဒေသမှာတော့ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို အခုလိုရာသီမှာ အများဆုံးလုပ်ကိုင်ကြတယ်။ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းမှာ လုပ်သား အနည်းဆုံး ၁၅ ဦးကနေ ၂၀ ဦးအထိ ငှားရမ်းလုပ်ကိုင်ရပါတယ်" ဟု ဒေါ်စုစုခိုင်ကပြောသည်။

ဖျာပုံမြို့နယ်မှထွက်ရှိသည့် ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ပြီး လက်ရှိတွင် ရန်ကုန်ဈေးကွက်မှ ကဏန်းပျော့များ ဝယ်လိုအားကောင်းနေခြင်းကြောင့် ဖျာပုံမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ မွေးမြူရေးလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

မြဝတီ ကာတွန်း



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများယှဉ်ပြိုင်မှု အောင်မြင်စွာကျင်းပပြီးစီး

















နေပြည်တော် အောက်တိုဘာ ၂၀

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပသည်။

ယနေ့တွင် **“အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး” တေးသီချင်း အဆိုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင်** ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဥမကွဲ သိုက်မပျက်” သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြန်မာပြည် ခရီးစဉ်” သီချင်းဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

**မြန်မာအက အခြေခံကဗျာလွတ်အက ပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** မွန်ပြည်နယ်ကိုယ်စားပြု မိရွှေရည်ဖူးပွင့်နှင့်အဖွဲ့၊ ကယားပြည်နယ်ကိုယ်စားပြု မနီဝင်းထွန်းနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြု မကြည်စင်သန့်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု မဖူးဖူးနှင့်အဖွဲ့၊ ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု မအိမ့်မြတ်မွန်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု မအိန္ဒြာမြင့်မြတ်မွန်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မသိမ့်ကြည်ကြည်လင်းဦးနှင့်အဖွဲ့၊ ရှမ်းပြည်နယ်ကိုယ်စားပြု မနေခြည်ထက်ခန့်နှင့်အဖွဲ့၊ ကချင်ပြည်နယ်ကိုယ်စားပြု မလဖိုင်နန်ထွမ်ဆမ်နှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးကိုယ်စားပြု မထွန်းရတနာဗိုလ်နှင့်အဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု မဆုသစ်သစ်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု မဉာဏ်မြတ်သွန်းနှင့်အဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု မဖြိုးဖြိုးဝေနှင့်အဖွဲ့တို့က အခြေခံကဗျာလွတ် ကကြိုးကကွက်များကို အဖွဲ့လိုက်ညီညာလှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

**ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ဦးစွာ ချင်းပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့က ချင်းတိုင်းရင်းသားရိုးရာအကကို **စာမျက်နှာ ၆ သို့ ●**

● **စာမျက်နှာ ၅ မှအဆက်**

ချင်းရိုးရာ ကကြိုးကကွက်များ စုံလင်စွာ စံပြအနေဖြင့် ကပြကြသည်။

ထို့နောက် **ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ်ကိုယ်စားပြု မောင်ဘောမ်ချမ်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု နန်းဇင်မီမီမိုးနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးကိုယ်စားပြု မောင်ထွန်းပြည့်အောင်နှင့်အဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု မိဝင်းရတနာဇင်မျိုးထွေးနှင့်အဖွဲ့၊ ရှမ်းပြည်နယ်ကိုယ်စားပြု မောင်အာကာပြည့်ဖြိုးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်း












ဒေသကြီးကိုယ်စားပြု မောင်စိုးမင်းသူနှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ဦးကျော်ထက်အောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မောင်ကောင်းစံဟိန်းနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြု မောင်ပိုင်ထက်နှင့်အဖွဲ့၊ မွန်ပြည်နယ်ကိုယ်စားပြု မောင်အောင်စိုးမိုးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မောင်စိုးမင်းသူနှင့်အဖွဲ့၊ ကယားပြည်နယ်ကိုယ်စားပြု ဦးအောင်ပြည့်စုံနှင့်အဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဆလိုင်းသော်တာဝင်းနှင့်အဖွဲ့တို့က ချင်းပြည်နယ်၏ သဘာဝအလှတရားများနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုဖော်ကျူးထားသည့် **"ချင်းတောင်တန်းမှ ကြိုဆိုလျက်"** သီချင်းနောက်ခံဖြင့် လှပကြော့ရှင်းသည့် ချင်းတိုင်းရင်းသားရိုးရာကကြိုး၊ ကကွက်များကို ချင်းအလှ၊ ချင်းတို့ဟန်ဖြင့်ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှပြိုင်ပွဲဝင်များက "ထံတျာတေအစမဟာဂီတ" ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**မယ်ဒလင်အတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိ" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ပန်းဟေဝန်"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွေဦး" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဂုဏ်တော်ဖွင့်" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမန်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကုဏ္ဍလာအိုင်ဘွဲ့" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြူဝန်းလို့ခို" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မန္တလာဘုံ" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "မြမန်းဂီရိ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာဆယ့်နှစ်ပါး" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရှစ်စုံရွက်ကြာ" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှိုင်းရိပ်ကယ်တည့်" (ကြိုး) သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်မင်းရာဇာခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လျှပ်ပန်းခွေနွဲ့" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ရဂုံဟေမန်" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မော်တင်လယ်" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ကွက်စိပ်ပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သမုဒ္ဒဝါဏိဇဇာတ်တော်" ဖြင့် ဇာတ်တော်၏အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည် ပြသဟောပြောယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲ**တွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့်အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲ**တွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု သီရိဇေယျာဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွှန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**စာမျက်နှာ ၇ သို့** ●

# စားသုံးဆီနှင့်ကျန်းမာရေး

လူ့သမိုင်းတစ်လျှောက်တွင် အစားအသောက်များကို အရသာရှိအောင် ချက်ပြုတ်စားသောက်နိုင်ရန် စားသုံးဆီအမျိုးမျိုးကို တီထွင်ကြံဆထုတ်လုပ်ခဲ့ကြသည်။ အစောပိုင်းကာလများတွင် စားသုံးဆီအဖြစ် အသီးအနှံများ၊ တိရစ္ဆာန်များမှတစ်ဆင့် ထုတ်လုပ်ခဲ့ကြပြီး နောက်ပိုင်းတွင် ဓာတုဒြပ်ပေါင်းများမှတစ်ဆင့် ပေါင်းခံထုတ်လုပ်နည်းများ အသုံးပြုထုတ်လုပ်ခဲ့ကြသည်။ အဆီဓာတ်အားလုံးသည် အာနိသင်နှင့် လူ့ကျန်းမာရေးအပေါ်သက်ရောက်မှုများမတူညီကြပေ။ အဆီဓာတ်သည် လူ့ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်သောစွမ်းအင်ကို ထုတ်လုပ်ပေးခြင်း၊ ဟော်မုန်းဓာတ်များထုတ်လုပ်ခြင်း၊ ဆဲလ်များဖွံ့ဖြိုးရေးနှင့် ခန္ဓာကိုယ်အတွက် သက်စောင့်ဓာတ်ဖြစ်သော တချို့သောဗီတာမင်များ (Vitamin A,D,E,K) တို့ကို စားသောက်လိုက်သည့်အစားအသောက်များမှတစ်ဆင့် စုပ်ယူနိုင်ရေးဆောင်ရွက်ပေးခြင်း စသည့်စွမ်းဆောင်ရည်များရှိသည်။

### ရှေးဦးကာလများ

ဘီစီ ၃၀၀၀ ခန့်တွင် သံလွင်ဆီကို မီဆိုပိုတေးမီးယား (အီရတ်ဒေသ) နှင့် အီဂျစ်ဒေသတွင် အသုံးပြုခဲ့ကြောင်း၊ သံလွင်ပင်များစိုက်ပျိုးခြင်းနှင့် ယင်းမှအဆီထုတ်ကာ ချက်ပြုတ်ရာတွင် အသုံးပြုခြင်းများကို စတင်ခဲ့ကြောင်း သိရှိရသည်။ ပဲပိစပ်ဆီကိုလည်း ထိုနည်းတူ ယင်းဒေသများနှင့် အိန္ဒိယဒေသများ၌ ချက်ပြုတ်ရာတွင်လည်းကောင်း၊ ဆေးဖက်ဝင်ဆီအဖြစ်လည်းကောင်း အသုံးပြုခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ဘီစီ ၂၀၀၀ ခန့်တွင် ဂရိနှင့် ရောမဒေသများသို့ ပျံ့နှံ့ရောက်ရှိသွားကာ ချက်ပြုတ်ရာတွင်သာမက အရေပြားထိန်းသိမ်းခြင်းနှင့် တခြားသောကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင်ပါ အသုံးပြုလာခဲ့ကြသည်။ ရောမသားများအနေဖြင့် သံလွင်ဆီကိုထုတ်လုပ်ကာ အမေရိကနှင့် ဥရောပဒေသများသို့ပါ ကုန်သွယ်မှုပြုလာခဲ့ကြသည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင်လည်း မုန်ညင်းဆီနှင့် ပဲပိစပ်ဆီများကိုချက်ပြုတ်ခြင်း၊ အလင်းရောင်အတွက် မီးထွန်းညှိခြင်းနှင့် တခြားသောဘာသာရေးဆိုင်ရာ အလေ့အထများတွင်အသုံးပြုခြင်း၊ အာယုဗေဒကဲ့သို့သော ဆေးပညာရပ်တွင် အသုံးပြုခြင်းစသည်ဖြင့် တွင်တွင်ကျယ်ကျယ်အသုံးပြုခဲ့ကြကြောင်း မှတ်တမ်းများအရ သိရှိရသည်။ တရုတ်နိုင်ငံတွင် မှတ်တမ်းများအရ ဘီစီ ၁၁ ရာစုခန့်မှစ၍ ပဲပုပ်ဆီနှင့် မြေပဲဆီတို့သည် ချက်ပြုတ်ရာတွင် အဓိကအသုံးပြုသည့်ဆီအမျိုးအစားများဖြစ်ခဲ့သည်။

လူဦးရေတိုးပွားလာမှုနှင့် စားသုံးဆီအသုံးပြုမှုတွင်ကျယ်လာခြင်းနှင့်အတူ အလယ်ခေတ်ကာလများတွင် ဥရောပတောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းဒေသများတွင် သံလွင်ပင်များစိုက်ပျိုးခြင်း၊ သံလွင်ဆီထုတ်လုပ်ခြင်းကို တွင်တွင်ကျယ်ကျယ်လုပ်ဆောင်ခဲ့ကြသည်။ ထိုသို့စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသည့် မြောက်ဥရောပတွင် ရာသီဥတုအေးမှုများကြောင့် သံလွင်ပင်များ စိုက်ပျိုးနိုင်မှုနည်းပါးခဲ့ရာ ယင်းဒေသများမှာ တိရစ္ဆာန်ဆီများ (ဝက်ဆီ/ထောပတ်ဆီ) ထုတ်လုပ်မှု ပိုမိုတွင်ကျယ်လာသည်။

### ကိုလိုနီခေတ်ကာလများ

ကိုလိုနီခေတ် ကမ္ဘာ့ကုန်သွယ်မှုများဖြစ်ထွန်းလာရာ ၁၅ ရာစု၊ ၁၆ ရာစုခန့်မှစ၍ အနောက်အာဖရိကဒေသမှ စားအုန်းဆီ၊ အရှေ့တောင်အာရှဒေသမှ အုန်းဆီတို့ကိုထုတ်လုပ်၍ ဥရောပနှင့် အမေရိကတိုက်များသို့ တင်ပို့ရောင်းချခြင်းများ တွေ့ရှိလာရသည်။ စက်မှုတော်လှန်ရေးဖြစ်ထွန်းလာမှုနှင့်အတူ စားသုံးဆီများ အများအပြားထုတ်လုပ်မှုကို နည်းပညာအသုံးပြု၍ ထုတ်လုပ်ခဲ့ကြသည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုတွင် ဝါစေ့ဆီထုတ်လုပ်မှုကို အများအပြားလုပ်ဆောင်ခဲ့ကြသည်။ နည်းပညာစဉ်ဆက်မပြတ်ဖွံ့ဖြိုးလာသည့်အလျောက် နောက်ပိုင်းတွင် အသီးအရွက်များမှလည်း ဆီထုတ်လုပ်ခြင်းများ အများအပြားလုပ်ဆောင်လာနိုင်ခဲ့သည်။

**"အဆီဓာတ်အမျိုးအစားနှင့် စားသောက်သည့်ပမာဏအပေါ်မူတည်၍ လူ၏ကျန်းမာရေးအပေါ် သိသိသာသာပြောင်းလဲသက်ရောက်မှုများ ဖြစ်ပေါ်စေသည်။စားသုံးဆီများတွင် ပြည့်ဝဆီ (Saturated Fat) နှင့် မပြည့်ဝဆီ (Unsaturated Fat) ဟူ၍ အဆီနှစ်မျိုး ပါဝင်လေ့ရှိသည်။ ပြည့်ဝဆီပါဝင်မှုပမာဏများလျှင် ကျန်းမာရေးထိခိုက်နိုင်ပြီး မပြည့်ဝဆီပါဝင်မှုပမာဏများလျှင် ကျန်းမာရေးအတွက် ကောင်းကျိုးရရှိနိုင်သည်။ လေ့လာမှုများအရ ပြည့်ဝဆီစားသုံးမှုများလျှင် နှလုံးနှင့်သွေးလှည့်ပတ်မှုစနစ်အတွက် အန္တရာယ်ဖြစ်စေသောအဆီဓာတ်ဖြစ်သည့် Low Density Lipoprotein (LDL) ကို ခန္ဓာကိုယ်အတွင်းစုဝေးစေကာ အန္တရာယ်ဖြစ်စေနိုင်ကြောင်း တွေ့ရှိရ. . ."**

### ၂၀ ရာစုကာလများ

၁၉၀၀ ပြည့်နှစ်အစောပိုင်းကာလများတွင် ဟိုက်ဒရိုဂျင်ဓာတ်တိုးခြင်းနည်းပညာ(Hydrogenation) ပေါ်ပေါက်လာမှုနှင့်အတူ ဆီကို အရည်စနစ်မှ အခဲစနစ်သို့ ကူးပြောင်းခြင်းလုပ်ငန်းစဉ်ကို တွင်တွင်ကျယ်ကျယ်လုပ်ဆောင်လာသည်။ မာဂျရင်း (ဟင်းရွက်အဆီခဲ) ကဲ့သို့သော အဆီခဲများထုတ်လုပ်ကာ စားသုံးခဲ့ကြသည်။ ထို့နောက်တွင် အကြော်ခံဆီ (Trans fat) များ ထုတ်လုပ်အသုံးပြုခဲ့ကြသည်။ လူဦးရေတိုးပွားလာခြင်း၊ ဆီအသုံးပြုမှုများပြားလာခြင်းကြောင့် သံလွင်ဆီနှင့် တခြားသောရိုးရာဆီများ ထုတ်လုပ်နိုင်မှု ကန့်သတ်ချက်ရှိလာသည်။ ထို့ကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာပြီး ပို၍ဈေးပေါသော ပဲပိစပ်ဆီ၊ ပြောင်းဆီစသည့် ဆီအမျိုးအစားများ ပိုမိုထုတ်လုပ်လာခဲ့ကြသည်။ ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေးစနစ် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးလာမှုအရ အရှေ့တောင်အာရှဒေသများမှ စားအုန်းဆီ၊ အုန်းဆီနှင့် ထောပတ်ဆီများကို အများအပြားထုတ်လုပ်လာနိုင်ကာ ဥရောပဈေးကွက်သို့ တင်ပို့ခဲ့ကြသည်။ အထူးသဖြင့် စားအုန်းဆီကို အလုံးအရင်းဖြင့် ထုတ်လုပ်လာခဲ့ကြသည်။

### ၂၁ ရာစုကာလ

ယနေ့ခေတ်တွင် စားအုန်းဆီအပါအဝင် ဆီထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုအပိုင်းအားရေရှည်တည်တံ့ကာ ပတ်ဝန်းကျင်ထိခိုက်မှုနည်းနိုင်သမျှနည်းပါးစေရေး အလေးထားဆောင်ရွက်လာကြသည်။ စားအုန်းဆီထုတ်လုပ်နိုင်ရန် ဆီအုန်းအများအပြားစိုက်ပျိုးမှုပြုလုပ်လာကြခြင်းကြောင့် အရှေ့တောင်အာရှဒေသများတွင် သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ပျက်စီးမှုများ တွေ့ကြုံလာရကြောင်း ဖော်ပြနေကြသည်။ တစ်ချိန်တည်းမှာပင် စားသုံးဆီအမျိုးမျိုးကို မိမိတို့နှစ်သက်ရာ အနံ့၊ အရသာ၊ ကျန်းမာရေးနှင့်ညီညွတ်မှု စသည့်အချက်များပေါ်မူတည်၍ ဝယ်ယူသုံးစွဲနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် အဓိကအားဖြင့် စားအုန်းဆီများကို စားသုံးဆီအဖြစ် ပုံမှန်အသုံးပြုလျက်ရှိသော်လည်းအုန်းဆီနှင့် ဝါစေ့ဆီတို့ကိုမူ စားသုံးဆီအဖြစ် သုံးစွဲသူနည်းပါးကြောင်း တွေ့ရှိရသည်။

### ကျန်းမာရေးဆိုင်ရာအချက်များ

အဆီဓာတ်အမျိုးအစားနှင့် စားသောက်သည့် ပမာဏအပေါ်မူတည်၍ လူ၏ကျန်းမာရေးအပေါ် သိသိသာသာပြောင်းလဲသက်ရောက်မှုများ ဖြစ်ပေါ်စေသည်။စားသုံးဆီများတွင် ပြည့်ဝဆီ (Saturated Fat) နှင့် မပြည့်ဝဆီ (Unsaturated Fat) ဟူ၍ အဆီနှစ်မျိုး ပါဝင်လေ့ရှိသည်။ ပြည့်ဝဆီပါဝင်မှုပမာဏများလျှင် ကျန်းမာရေးထိခိုက်နိုင်ပြီး မပြည့်ဝဆီပါဝင်မှုပမာဏများလျှင် ကျန်းမာရေးအတွက် ကောင်းကျိုးရရှိနိုင်သည်။လေ့လာမှုများအရ ပြည့်ဝဆီစားသုံးမှုများလျှင် နှလုံးနှင့် သွေးလှည့်ပတ်မှုစနစ်အတွက် အန္တရာယ်ဖြစ်စေသောအဆီဓာတ်ဖြစ်သည့် Low Density Lipoprotein (LDL) ကို ခန္ဓာကိုယ်အတွင်း စုဝေးစေကာ အန္တရာယ်ဖြစ်စေနိုင်ကြောင်း တွေ့ရှိရသည်။ မပြည့်ဝဆီ (Unsaturated fat) သည် ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်သည့်အဆီဓာတ်ဖြစ်သော High Density Lipoprotein (HDL) ပမာဏကိုမြင့်မားစေကာ နှလုံးနှင့်သွေးကြောကျန်းမာရေးအတွက် ကောင်းမွန်ကြောင်းတွေ့ရှိရသည်။

အပင်နှင့် အသီးအရွက်များမှထုတ်လုပ်သည့် စားသုံးဆီများအနက် ပြည့်ဝဆီပမာဏအချိုးအစားများသော စားသုံးဆီများမှာ စားအုန်းဆီနှင့် အုန်းဆီစသည်တို့ဖြစ်သည်။ မပြည့်ဝဆီပမာဏအချိုးအစားများသော စားသုံးဆီများမှာ မြေပဲဆီ၊ နှမ်းဆီ၊ ဝါစေ့ဆီ၊ နေကြာစေ့ဆီတို့ဖြစ်သည်။ ဓာတုဓာတ်တိုးနည်းဖြင့် ပြုပြင်ထားသောဆီများ၊ အထူးသဖြင့် အကြော်ခံဆီများမှာမူ ကျန်းမာရေးအတွက် ဆိုးကျိုးဖြစ်စေနိုင်သည်။ အဆိုပါဆီများသည် ခန္ဓာကိုယ်အတွင်း ဆိုးကျိုးပေးနိုင်သည့်ကိုလက်စထရောဖြစ်သည့် LDL ကိုများစေကာ ကောင်းကျိုးပေးနိုင်သည့် ကိုလက်စထရောဖြစ်သည့် HDL ကို လျော့ကျစေသဖြင့် နှလုံးသွေးကြောကျဉ်းရောဂါနှင့် တခြားသွေးကြောဆိုင်ရာရောဂါများကို ဖြစ်စေနိုင်သည်။

စားသုံးဆီတစ်မျိုးချင်းစီတွင် ချက်ပြုတ်ကြော်လှော်ရာ၌ အပူပေးရမည့် အတိုင်းအတာသတ်မှတ်ချက် (Smoking Point) များ ရှိသည်။ ဆီများသည် အခန်းတွင်းအပူချိန်တွင် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေမှုနည်းသော်လည်း အပူပေးလိုက်သည့်အခါတွင် ယင်းဆီတစ်မျိုးချင်းစီ၏သတ်မှတ်အပူချိန်ပမာဏထက်များပါကကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ဓာတ်တိုးမှုဖြစ်စဉ်များ ပိုမိုများလာကြောင်း၊ အန္တရာယ်ဖြစ်စေနိုင်သည့် ဒြပ်ပေါင်းများထွက်လာတတ်ကြောင်းနှင့် အရသာအပေါ်များစွာပြောင်းလဲစေနိုင်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ဆီတစ်မျိုးအား အကြိမ်ကြိမ်အပူပေးခြင်းနှင့် ပြန်လည်အသုံးပြုခြင်းသည် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ဓာတ်တိုးမှုပိုမိုများလာနိုင်သည်။ မြန်မာနိုင်ငံတွင် အသုံးများသော စားသုံးဆီများ၏ သတ်မှတ်အပူပေးနိုင်သည့်ပမာဏ (Smoking Point) အနေဖြင့် မြေပဲဆီနှင့် နေကြာဆီ (၂၃၂ ဒီဂရီစင်တီဂရိတ်)၊ သံလွင်ဆီ (၂၄၀ ဒီဂရီစင်တီဂရိတ်)၊ စားအုန်းဆီ (၂၃၂ ဒီဂရီစင်တီဂရိတ်) စသည်ဖြင့်ရှိကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရလျှင် နေ့စဉ်ချက်ပြုတ်စားသောက်ခြင်းတွင် အသုံးပြုနေသော စားသုံးဆီအမျိုးမျိုး၏အာနိသင်များကိုသိရှိထားပြီး ကျန်းမာရေးနှင့်ညီညွတ်သောစားသုံးဆီများကို မှန်ကန်သောနည်းလမ်းများဖြင့်အသုံးပြုခြင်း၊ နေ့စဉ်လိုအပ်သောပမာဏသာစားသုံးခြင်း၊ ကျန်းမာရေးအတွက် ဆိုးကျိုးဖြစ်စေသောအဆီများနှင့် ချက်ပြုတ်မှုနည်းလမ်းများကို ရှောင်ကြဉ်ခြင်းနှင့် နေ့စဉ်ကိုယ်လက်လေ့ကျင့်ခန်းများပြုလုပ်ခြင်းအားဖြင့် ကျန်းမာရေးနှင့်ညီညွတ်သောနေထိုင်မှုဘဝများ ရရှိနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ဒေါက်တာဇေယျာဝင်း**

---

# ကျိုက်လတ်မြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်နေ

ကျိုက်လတ် အောက်တိုဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်နေကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သန်းမော်၏ ပြောဆိုချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးကွက်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ အောက်တိုဘာလ ပထမပတ်မှစ၍ ဝယ်လိုအားကောင်းပြီး တစ်ရက်လျှင် တိုင်ထောင်ပဲသီး ၄၅ ပိဿာခန့် အရောင်းသွက်လျက်ရှိသည်။


"ဒီမြို့နယ်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတာပါ။ တစ်ရက်ကို တိုင်ထောင်ပဲသီး ၄၅ ပိဿာလောက် အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို တိုင်ထောင်ပဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဒေါ်သန်းမော်ကပြောသည်။

ကျိုက်လတ်မြို့နယ်၌ လက်ရှိတွင် တိုင်ထောင်ပဲသီးအပါအဝင် ရာသီပေါ်သီးနှံများပေါ်ချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ဟင်းသီးဟင်းရွက်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# ပုဂံခေတ်မှ ပင်းယခေတ်အတွင်း အနုပညာလက်ရာများ တစုတဝေးတည်း လေ့လာနိုင်သည့် ရွှေဂူကြီးစေတီတော်ကြီးသို့ ဘုရားဖူးပြည်သူများလာရောက်လေ့လာနိုင်

**ကျောက်ဆည် အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ပွင့်လင်းခရီးသွားရာသီတွင် ပုဂံခေတ် အေဒီ ၁၁ ရာစုမှ ပင်းယခေတ် အေဒီ ၁၄ ရာစု အတွင်း အနုပညာလက်ရာများ တစုတဝေးတည်းနှင့် အပြည့်စုံဆုံးစုဝေးတည်ရှိသည့် ရွှေဂူကြီးစေတီတော်ကြီးသို့ ဘုရားဖူးပြည်သူများ၊ ခရီးသွားပြည်သူများ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။



ရွှေဂူကြီးစေတီတော်ကြီးသည် ကျောက်ဆည်မြို့နှင့်တံတားဦးမြို့ချင်းဆက် ကားလမ်းမကြီးဘေး ကြောင်ပန်းကုန်းကျေးရွာအုပ်စု ညောင်ပင်ဇောက်ကျေးရွာအနီးတွင် တည်ရှိပြီး ပုဂံခေတ်ဦးပိုင်းက ပန်းလောင်မြစ်ရိုးတစ်လျှောက် အနော်ရထာမင်းကြီးတည်ထားပူဇော်ခဲ့သော ဂူကြီးကိုးလုံးအနက်တစ်လုံးဖြစ်ခဲ့သည်။ ပုဂံခေတ်နှောင်းပိုင်း (၁၂ ရာစုနှောင်းပိုင်း)တွင် မြစ်တော် နရပတိစည်သူမင်းကြီးမှ မူလစေတီတော်ပုံ အထွတ်တင်တစ်ထပ်ဂူဘုရားငယ်အား ကွမ်းတောင်ပေါက်နှစ်ထပ်ဂူဘုရားအဖြစ် ပြောင်းလဲပြုပြင်လိုက်သည့် အပြင် အတွင်းရှိဆင်းတုတော်အကြီးအငယ်များ၊ အပြင်မှ အလွန်အနုစိတ်လှသော ကနုတ်ပန်းများ၊ တိရစ္ဆာန်ပုံမျိုးစုံ၊ ကျေးငှက်ရုပ်မျိုးစုံ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ကိန္နရာပေါင်းစုံတို့၏ အရုပ်များဖြင့် ပြန်လည်အလှဆင်ခဲ့ကြောင်း၊ ပင်းယခေတ် သက္ကရာဇ် ၆၈၄ ခု ဥဇနာမင်းကြီးလက်ထက်တော်တွင် စေတီတော်၊ သိမ်တော်၊ ဆင်းတုတော်များအား ထပ်မံလွှမ်းငုံ၍ စေတီတော်အသစ် တည်ထားကိုးကွယ်ခဲ့ကြောင်း သမိုင်းသုတေသီ မောင်ဝင်းမောင် (တမ္ပဝတီ) ရေးသားပြုစုထားသည့် တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော် သမိုင်းအကျဉ်းစာအုပ်တွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

ယခုအခါရွှေဂူကြီးဘုရားကြီးအားပြန်လည်ပြုပြင်မွမ်းမံထားမှုကြောင့် ဒုတိယလိုဏ်ဂူဂန္ဓကုဋိတိုက်အတွင်းရှိ နံရံဆေးရေးပန်းချီများ၊ ဦးခေါင်းတော် ၂ ပေ ၆ လက်မ၊ ဉာဏ်တော် ၁၀ ပေခန့်ရှိ အလွန်သပ္ပာယ်ကြည်ညိုဖွယ်ကောင်းသော အင်္ဂတေရုပ်ပွားတော်ကြီးနှင့် အနော်ရထာမင်းကြီးတည်ထားပူဇော်ခဲ့သော ရှေးဟောင်းအနုပညာလက်ရာများဖြစ်သည့် ဘီလူးပန်းဆွဲများ၊ နံရံအင်္ဂတေပန်းတော့ရုပ်ကြွများ၊ စေတီတော်လေးဖက်မျက်နှာရှိ မုခ်ဦးတံကဲ ကနုတ်ပန်းဒီဇိုင်းများ၊ ခြသေ့်ကိုယ်နှစ်ခွ မြင်းခေါင်းပုံနှင့် လူခန္ဓာ (အသုမုခိ)ပုံ၊ ဆင်ဦးခေါင်းနှင့် ငှက်ကိုယ် (ဆင်ငှက်)၊ ဗျိုင်းနှစ်ကောင် လည်လိမ်၊ ကြက်ဖ၊ ဆင်၊ သမင်၊ မျောက်၊ မိကျောင်း၊ ငါး စသည့်ပုံများနှင့် အထက်ပစ္စယံအဆင့်ဆင့်၏ မှန်ကွက်များတွင် အင်္ဂတေများဖြင့် ဇာတ်တော်နိပါတ်စဉ်များနှင့် ဇာတ်တော်အမည်ရေးထိုးထားသော ငါးရာငါးဆယ့် သရုပ်ဖော်ဖောင်းကြွရုပ်ပုံများ၊ မုခ်ဦးအတွင်း ဉာဏ်တော် ၁၀ ပေရှိ ရုပ်ပွားတော် စသည့် ဆန်းကြယ်သည့် ၁၂ ရာစုခေတ် ပန်းတော့လက်ရာ အနုစိတ်အင်္ဂတေဒီဇိုင်းများနှင့် ရွှေဂူကြီးစေတီတော်မြတ်ကြီးအား ဖူးတွေ့ရမည်ဖြစ်ကြောင်းနှင့် ပုဂံခေတ် အေဒီ ၁၁ ရာစုမှ ပင်းယခေတ် အေဒီ ၁၄ ရာစု အတွင်း အနုပညာလက်ရာများ (ရှေးမူလလက်ရာအတိုင်း) တစ်နေရာတည်း အပြည့်အစုံဆုံး စုဝေးတည်ရှိရာ မြန်မာနိုင်ငံ၏ တစ်ဆူတည်းသော စေတီတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများအနေဖြင့် ပွင့်လင်းခရီးသွားရာသီတွင် လာရောက်လေ့လာကြည်ညိုသဒ္ဒါပွားများနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**သက်မောင်(ကျောက်ဆည်)**

# ကလေးမြို့နယ်၌ ဟင်းသီးဟင်းရွက်သီးနှံ ၇၉၉၄ ဧကစိုက်ပျိုးပြီးစီး

**ကလေး အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံ ၇၉၉၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကလေးမြို့နယ်၌ ဟင်းသီးဟင်းရွက်သီးနှံ ဧက ၈၀၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၇၉၉၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ကလေးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ ဟင်းခတ်အမွှေး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်သီးနှံတို့ကိုစိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်၊ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကတောင်သူတွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထွန်းဝင်းကပြောသည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် နည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၀-၂၀၂၄(တနင်္လာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၆ မေတ္တာပို့
၃။ ၇:၂၀ ဓမ္မပူဇာတေး
၄။ ၇:၃၅ မျိုးချစ်တပ်မတော်
၅။ ၈:၀၅ အမျိုးသားရေးတေးကဗျာ
၆။ ၈:၄၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၇။ ၁၀:၃၅ သီချင်းလက်ဆောင်
၈။ ၁၂:၃၀ လူတိုင်းကျန်းမာ သိမှတ်စရာ
၉။ ၁၃:၁၀ အမှတ်တရနေ့ရက်များ
၁၀။ ၁၇:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၁၁။ ၁၉:၀၀ **(၃၈) ဖြာမင်္ဂလာ ကာလေန ဓမ္မသာကစ္ဆာ**
၁၂။ ည ၈ နာရီ သတင်းအပြီး မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ အမျိုးရေးသားရေးတေးကဗျာ
၁၄။ ဒို့တာဝန်အရေးသုံးပါး
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ Liked
၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ မှတ်တမ်း
၂၀။ တရားတော်
၂၁။ သင့်အတွက်မနက်ဖြန်

## မြန်မာ့ယဉ်ကျေးမှု ငွေရတုသို့

➡ ဆိုမယ်ကွဲ့ ဆိုမယ်။
နားဝင်ယံ ပီသအေးလို့
ဆိုတေးသီမယ်။
သံသာကြွေး လွင့်ပျံ့ကြွယ်
သီဆိုမယ် မြန်မာ့တေး။
ယဉ်ကျေးကာ ချိုအေးခံ့တယ်
သင်းရနံ့လျှံမွှေး။
➡ ကမယ်ကွဲ့ ကမယ်။
ခေါင်းခါးခြေ ကကွက်ဆန်းလို့
ပြိုင်စွမ်းဂုဏ်ကြွယ်။
စည်းချက်နဲ့ ညီအောင်ကွယ်
ကဟန်ရယ် မြိုင်လှသေး။
အမြင်အေးကာ အကွက်များရယ်
ဆန်းပြားပေ့ါလေး။
➡ ရေးမယ်ကွဲ့ ရေးမယ်။
စာစီကာ အရေးသွက်
လိုက်ဖက်ညီတယ်။
ထံတျာတေး နရီရယ်
စည်းဝါးကယ် ကိုက်ညီလှ။
အေးမြကာ ရေးဖွဲ့ကျူးတယ်
မြူးမြူးကြွကြွ။
➡ တီးမယ်ကွဲ့ တီးမယ်။
ကြေး ကြိုး သားရေ လေ လက်ခုပ်
တီးမှုတ်ကြတယ်။
သံစုံတေး မြိုင်ဆိုင်ကြွယ်
နားထဲဝယ် ပီသအေး။
ချိုတေးသီ လက်စွမ်းပြ
မြူးကြွပေ့ါလေး။
➡ တိုင်းနှင့်ပြည်နယ် ကိုယ်စားပြု
ပေါင်းစုလို့ ယှဉ်ပြိုင်ကာ။
နှစ်များစွာ ငွေရတုထိ
ရောက်ရှိလို့လာ။
ယဉ်ကျေးမှု အမွေနှစ်ပါ
ဖော်ကျူးကာ ပြိုင်ပွဲကြီး။
ရှုမငြီးအောင် ယှဉ်ပြိုင်ကြတဲ့
ဆို က ရေး တီး။ ။

**နွေဦးကိုကို(နေပြည်တော်)**

# ထန်းတပင်မြို့နယ်၌ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများလောင်းလှူ



ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ် (၃)ရပ်ကွက်ရှိ ဦးစံအေးလမ်းနှင့် ဦးမောင်သင်လမ်းတို့၌ အောက်တိုဘာလ ၁၉ ရက်က ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများလောင်းလှူပွဲ ကျင်းပသည်။

ထိုသို့လောင်းလှူရာတွင် အမှတ်(၃) ရပ်ကွက် လွမ်းစေတီဘုရားကြီးကျောင်းတိုက်စုရပ်မှစတင်၍ ဦးစံအေးလမ်းနှင့် ဦးမောင်သင်လမ်းတို့၌ ရပ်ကွက်နေပြည်သူများက ပေါ်တော်မူပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှင်သီဝလိရဟန္တာမြတ်နှင့် မြို့ပေါ်ရပ်ကွက်ကျောင်းတိုက်အသီးသီးမှ သံဃာတော် ၁၄၅ ပါးအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြသည်။

ထန်းတပင်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ လွမ်းစေတီဘုရားကြီးကျောင်းတိုက်တွင် ကိန်းဝပ်စံပယ်တော်မူသော ပေါ်တော်မူပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးနှင့် ရှင်သီဝလိရဟန္တာမြတ်တို့ မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီ အပူဇော်ခံယူပွဲကို နှစ်စဉ်သီတင်းကျွတ်ကာလရောက်တိုင်း သုံးရက်တိုင်တိုင် ကျင်းပလေ့ရှိကြောင်း၊ ထို့ပြင် ပေါ်တော်မူပြည်လုံးချမ်းသာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှင်သီဝလိရဟန္တာမြတ်နှင့် မြို့ပေါ်ရပ်ကွက်ကျောင်းတိုက်အသီးသီးမှ သံဃာတော်များအား သုံးရက်မြောက်နေ့တွင် ရပ်ကွက်နေပြည်သူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# တာမွေမြို့နယ်၌ အသံမစဲ မဟာပဋ္ဌာန်း ကျမ်းမြတ်ရွတ်ဖတ် ပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ခြင်းကို အောက်တိုဘာလ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဒဂုံလွင်လမ်းနှင့် သမာဓိလမ်းထောင့်ရှိ မေတ္တာပုညကာရီဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ကြွရောက်လာကြသော မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအားအမှူးပြု၍ သံဃာတော် အရှင်သူမြတ်များနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး မေတ္တာပုညကာရီဓမ္မာရုံ နာယက ဦးမြတ်မွန်က ရောင်ခြည်တော်ဖွင့် ဘုရားပင့်ဂါထာနှင့် နတ်ပြဟ္မာပင့်ဖိတ်ရန် ဂါထာတော်တို့ကို ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဂန္ထဝါစကပဏ္ဍိတ မြို့ဦးစာသင်တိုက်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တနာရဒထံမှ ငါးပါးသီလခံယူကြသည်။

ထို့နောက် မေတ္တာပုညကာရီဓမ္မာရုံ နာယက ဦးမြတ်မွန်က ပဋ္ဌာန်းအမွှမ်း ဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပြီး ကြွရောက်လာကြသော မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးအား အမှူးပြု၍ သံဃာတော်များနှင့် တက်ရောက်လာသူများက ပဋ္ဌာန်း ၂၄ ပစ္စည်းအကျဉ်းချုပ်ကို ရွတ်ဖတ်ပူဇော်၍ အလှည့်ကျသံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ်ကို စတင်ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာလ ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ရွှေပိတောက်ငါးဈေး၌ ရေချိုထွက်ကုန်များနှင့် ရေငန်ထွက်ကုန်များ ပုံမှန်ဝင်ရောက်နေပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသို့ ရေချိုထွက်ကုန်များနှင့် ရေငန်ထွက်ကုန်များ ပုံမှန်ဝင်ရောက်နေပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ရွှေပိတောက်ငါးဈေးမှ ဈေးတာဝန်ခံ ဦးသန်းနိုင်၏ ပြောကြားချက်အရ သိရသည်။

ယခုအခါ ရွှေပိတောက်ငါးဈေးသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ထွက်ရှိသော မွေးမြူရေးနှင့် သဘာဝရေချိုထွက်ကုန် အမျိုးအစားပေါင်း ၃၀ ကျော်နှင့် မြန်မာ့ပင်လယ်ပြင်မှဖမ်းယူရရှိသော ငါးအမျိုးအစားပေါင်း ၁၀၀ ခန့် နေ့စဉ်ပုံမှန်ဝင်ရောက်ကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

"ရွှေပိတောက်ငါးဈေးကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာရှိတဲ့ မွေးမြူရေးကန်တွေကနေထွက်ရှိတဲ့ ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခူ၊ ငါးကျည်း၊ ငါးကြင်းစတဲ့ငါးတွေအပါအဝင် ရေချိုငါးအများအပြား နေ့စဉ်ပုံမှန်ဝင်ရောက်နေပါတယ်။ ဒါ့ပြင် ပင်လယ်ကထွက်ရှိတဲ့ ငါးပုဏ္ဏား၊ ငါးပုတ်သင်၊ ပြည်ကြီးငါး၊ ကင်းမွန်၊ ပုစွန်၊ ရွှေငါး၊ မျက်ကျယ်ငါးစတဲ့ငါးတွေအပါအဝင် ရေငန်ငါးအမျိုးအစား တော်တော်များများလည်းဝင်ရောက်နေပါတယ်" ဟု ဦးသန်းနိုင်က ပြောသည်။

လက်ရှိတွင် ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေထွက်ကုန်ပိဿာ သုံးသိန်းခန့်ဝင်ရောက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများအတွက် လုံလောက်မှုရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် နီးစပ်ရာဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။ အဆိုပါ ရွှေပိတောက်ငါးဈေးတွင် ဈေးရုံပေါင်း ရှစ်ရုံရှိပြီး မှတ်ပုံတင်ဆိုင်ခန်းပေါင်း ၄၅၀ နီးပါးနှင့် ပျံကျဆိုင်ခန်းပေါင်း ၁၉၀ ခန့် ဖွင့်လှစ်ထားကာ အထူးသဖြင့် ရေထွက်ကုန်များကို လက်ကားဝယ်ယူလိုသူများ အားထားနေရသော ငါးဈေးကြီးတစ်ခု ဖြစ်သည်။

ထို့ပြင် အဆိုပါဈေးလုံခြုံရေးအတွက်ကိုလည်း လုံခြုံရေးကင်မရာ ၁၄၀ ခန့် တပ်ဆင်ထားကာ တာဝန်ရှိသူများက ၂၄ နာရီ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# ဖာပွန်မြို့နယ် အုန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

ဖာပွန် အောက်တိုဘာ ၂၀

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အုန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာလ ၂၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အုန်းတောကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အုန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၂၄ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**



# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဓာတ်ပုံမြင်ကွင်းများ


















# မဟာဇနကဇာတ်တော်

ကိုဇော်ဌေး(ယဉ်ကျေးမှု)



- လုံ့လဝီရိယ၏ အကျိုးကျေးဇူးကို သိရှိသဘောပေါက်စေခြင်း။
- နေက္ခမ္မ ပါရမီကို နားလည်စေခြင်း၊ ထို ပါရမီကို ကြည်ညိုကြစေလိုခြင်း။
- ပညာ၊ ဥစ္စာ၏အကျိုးကိုသိစေခြင်း၊ ပညာ၊ ဥစ္စာကြောင့်သာ မြင့်မားသော ဘဝကိုရရှိနိုင်မည်

ဟူသောအသိကို သိစေလိုခြင်းဟူသည့် ဇာတ်တော်ရည်ရွယ်ချက်များဖြင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ဇာတ်တော်ကြီးပြိုင်ပွဲတွင် ဇာတ်ကြီးဆယ်ဘွဲ့၏ ဒုတိယမြောက်ဖြစ်သည့် မဟာဇနကဇာတ်တော်ကြီးကိုယှဉ်ပြိုင်တင်ဆက်ကြသည်။ မဟာဇနကဇာတ်တော်ကို မြတ်စွာဘုရားရှင်သည် တောထွက်ခြင်း နေက္ခမ္မပါရမီတော်ကို အကြောင်းပြု၍ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မဟာသက္ကရာဇ် ၁၁၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် သောကြာနေ့တွင် ဟောကြားတော်မူသည်။ တစ်နေ့သောအခါ ထိုကျောင်းတော်၌ ရဟန်းတော်တို့ စုဝေးမိကြစဉ် မြတ်စွာဘုရားရှင်၏ တောထွက်ခဲ့ဖူးပုံကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူခြင်းဖြစ်လေသည်။

ရှေးအခါက ဝိဒေဟရာဇ်တိုင်း မိတ္ထီလာပြည်တွင် "မဟာဇနက"အမည်ရှိသော မင်းသည်မင်းပြုလေသည်။ ထိုမင်း၌ "အရိဋ္ဌဇနကမင်းသား"၊ "ပေါလဇနကမင်းသား" ဟူ၍ သားတော်နှစ်ပါးရှိသည်။ မင်းကြီးသည် အရိဋ္ဌဇနကမင်းသားအား အိမ်ရှေ့အရာကိုပေးသည်။ ပေါလဇနကမင်းသားအား သေနာပတိအရာကိုပေးသည်။ မင်းကြီးနတ်ရွာစံသော်အရိဋ္ဌဇနကမင်းသားသည် ခမည်းတော်၏အရိုက်အရာကိုဆက်ခံစိုးစံ၍ ပေါလဇနကမင်းသားသည် အိမ်ရှေ့အရာ၌တည်လေသည်။ ပေါလဇနက၏အတွင်းကျွန်ယုံဖြစ်သော အမတ်တစ်ယောက်သည် မိမိအလိုမပြည့်သည်နှင့် မိမိအရှင်သခင်ပေါ်တွင် အပြိုးထား၍ အရိဋ္ဌဇနကမင်းကြီးထံဝင်ပြီးသော် ကုန်းတိုက်ချောစားလေသည်။ အကြိမ်ကြိမ် ကုန်းချောလေသော် မင်းကြီးလည်းငါ၏ညီသည်ငါ့ကိုမကောင်းကြံရာ၏ ဟု အယူရှိ၍ အိမ်ရှေ့မင်းကို ဖမ်းဆီးစေပြီးလျှင် အနှောင်အဖွဲ့၌ချထားလေသည်။

ထိုအခါ အိမ်ရှေ့မင်းသည် နောင်တော်အပေါ် မပြစ်မှားမိကြောင်း သစ္စာအဓိဋ္ဌာန်ပြုလေရာ သစ္စာ၏အာနုဘော်ကြောင့် အနှောင်အဖွဲ့မှလွတ်လေသည်။ ပေါလဇနကလည်း အနှောင်အဖွဲ့မှလွတ်လေသော် ရွာငယ်များကိုသိမ်းရုံး၍ လက်နက်ပြုပြီးလျှင် နောင်တော်အား ယခင်ကရန်မလုပ်လိုသော်လည်း ယခုရန်လုပ်တော့မည်ဟုဆို၍စစ်ထိုးလေသည်။ ဤသို့ မင်းညီနောင်တို့စစ်ထိုးရာ နောင်တော်အရိဋ္ဌဇနကသည် အရေးရှုံးနိမ့်၍ နတ်ရွာစံလေသည်။ နောင်တော်၏ မိဖုရားကြီးသည် ကိုယ်ဝန်အရင့်အမာနှင့် သူဆင်းရဲအသွင်ဆောင်ကာ ထွက်ပြေးတိမ်းရှောင်ရလေသည်။ မိဖုရားကြီးသည် ကာလစမ္ပာနဂိုရ်ပြည်သို့ရောက်၍ ဒိသာပါမောက္ခဖြစ်သော ဥဒိစ္စပုဏ္ဏားကြီးက ပြုစုစောင့်ရှောက် ထားရာ အချိန် ရောက် လျှင် သားတော်ကိုဖွားမြင်၍ "မဟာဇနက" အမည်ပေးလေသည်။

မင်းသားအရွယ်ရောက်လျှင် မိမိ၏ မျိုးရိုးအား မိခင်အားမေးမြန်းရာတွင် မိမိ၏ခမည်းတော်သည် မိတ္ထီလာပြည့်ရှင် အရိဋ္ဌဇနကမင်းကြီးဖြစ်၍ ဦးရီးတော် ပေါလဇနကသည် မိတ္ထီလာပြည်၌ စိုးစံနေကြောင်း သိရလေသည်။ ထိုအခါ ဇနကမင်းသားသည် မိမိခမည်းတော်၏ အရိုက်အရာဖြစ်သော မိတ္ထီလာပြည်ကိုသိမ်းယူရန်အကြံဖြစ်သည်။ ဤသို့ သိမ်းယူရန်အလို့ငှာ ပင်လယ်ခရီးဖြင့်သင်္ဘောလွှင့်၍ ကူးသန်းရောင်းဝယ်နိုင်စေရန် မယ်တော်အား ခွင့်အကြိမ်ကြိမ်ပန်၍ သင်္ဘောထွက်ခဲ့သည်။ ပင်လယ်တွင် လေပြင်းကျကာ သင်္ဘောနစ်လေသည်။ ထိုအခါ သင်္ဘောသား ခုနစ်ရာတို့သည် ယောကျ်ားတို့၏ လုံ့လကို တစ်စုံတစ်ခုမပြုဘဲ ငိုကြွေးမြည်တမ်းလျက်ပင် ငါး၊ လိပ်၊ မကန်းတို့၏ အစာဖြစ်လေကုန်သည်။ ဘုရားအလောင်းကား ယောကျ်ားတို့၏ လုံ့လဝီရိယကို မလျှော့ဘဲ ခုနစ်ရက်ပတ်လုံးပင်လယ်၌ ကူးတော်မူသည်။ ထိုအခါ "မဏိမေခလာ" နတ်သမီးသည် မနီးမဝေးသော ကောင်းကင်ကကိုယ်ထင်ပြကာ ရပ်လျက် ကောင်းမြတ်သောလုံ့လဖြင့်ကူးသလော၊ မူးရူးသောစိတ်ဖြင့် ကူးသလောဟု စုံစမ်းရန်အလို့ငှာ "တစ်ဖက်ကမ်းသို့ မရောက်နိုင်ရာသော ဤမဟာသမုဒ္ဒရာ၌ ပင်ပင်ပန်းပန်းကူးသဖြင့် အဘယ်အကျိုးထူးကို ရ၍၊ ကိုယ့်ဆန္ဒပြည့်မည်ထင်မြင်ဖွယ်ရှိသောကြောင့် ကြိုးစားအားထုတ်ခြင်းကို ပြုဘိသလော" ဟု မေးလေသည်။ ထိုအခါ ဘုရားလောင်းက "နတ်သမီး၊ ကောင်းစွာအားထုတ်အပ်သော ယောကျ်ားတို့ လုံ့လသည် အကျိုးမဲ့ဖြစ်ဖူးသည်မရှိ၊ ဤသမုဒ္ဒရာကမ်းကိုမမြင်ကာမျှနှင့် အဘယ်ကြောင့် ယောကျ်ားတို့၏လုံ့လကိုလျှော့ထိုက်အံ့နည်း၊ ကမ်းကိုမြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ အကျိုးကိုမြင်သဖြင့် ငါ လုံ့လပြုသည်"ဟု ဆိုသည်။ ထိုအခါ နတ်သမီးသည်ပြန်၍ စောဒကတက်လေသော် ဘုရားလောင်းသည်လုံ့လပြုခြင်းကြောင့် ယောကျ်ားမှန်လျက်နှင့် အသက်မရှိသော ကျွန်းထင်းကဲ့သို့ လုံ့လမပြုဘဲနေသည်ဟု အများတကာတို့ အပြစ်မတင်နိုင်စေရန် လုံ့လကိုပြုသင့်ကြောင်းပြောပြသည့်အပြင် လုံ့လအကျိုးကို လက်ငင်းခံစားရခြင်းကို ပြလို၍ "ဤသမုဒ္ဒရာ၌ ငါနှင့်အတူ သင်္ဘောပျက်ကျသော ခုနစ်ရာသောသင်္ဘောသားတို့သည် ယောကျ်ားတို့၏ လုံ့လချို့တဲ့လေခြင်းကြောင့် ငါး၊ လိပ်တို့၏အစာသာဖြစ်ကြလေကုန်သည်။ ငါမူကားယောကျ်ားတို့၏ လုံ့လကို မလျှော့ခြင်းကြောင့် ငါး၊ လိပ်တို့ဘေးမှလွတ်သည့်အပြင် လူသာမန်တို့ မြင်ရခဲသော သင်နတ်သမီးကို ငါမြင်ရသည်။ သင်သနား၍ ငါ့ကို သယ်ဆောင်ပါလျှင် ငါ၌အကျိုးရှိလတ္တံ့။ သင်မဆယ်တင်၍ ဤတွင်ပင် ငါဆုံးရသော်လည်း လုံ့လပြုကျိုး ငါ၌ရှိလေပြီ" ဟူ၍ နတ်သမီးမဆိုသာအောင် ပြန်လည်ချေပလေသည်။ ထိုစကားကိုကြားလျှင် နတ်သမီးသည် နှစ်သက်သည်ဖြစ်၍ ဘုရားအလောင်းတော် ဇနကမင်းသားအလိုရှိရာ မိတ္ထီလာပြည်သို့ပို့ဆောင်၍ ကျောက်ဖျာထက်၌ သိပ်ထားလေသည်။



ထိုအချိန်သည် ဘထွေးတော် ပေါလဇနကမင်း နတ်ရွာစံသည်မှာ ခုနစ်ရက်ရှိပြီးချိန်ဖြစ်သည်။ ပေါလဇနကမင်း၌ သမီးတော် "သီဝလီဒေဝီ" တစ်ပါးသာကျန်ရစ်လေသည်။ ပေါလဇနကမင်းသည် ထီးနန်းဆက်ခံစိုးစံသည့် ကိစ္စအတွက် နတ်ရွာမစံမီ မှူးကြီးမတ်ရာတို့အား မှာကြားခဲ့သည်ကား ဗိုလ်ခြေတစ်ထောင် တင်နိုင်ချနိုင်သောလေးကို တစ်ယောက်တည်းဖြင့် တင်နိုင်ချနိုင်သောကာယဗလရှိသူ၊ တစ်ဆယ့်ခြောက်လုံးသော ရွှေအိုးကြီးကိုဖော်ထုတ်နိုင်သော ဉာဏဗလရှိသူ၊ မည်သည့်အမျိုးမဆိုသမီးတော်သီဝလီဒေဝီ နှစ်သက်သည်ရှိသော် ထီးနန်းအပ်နှင်းလေဟူ၍ဖြစ်သည်။ ထိုမှာကြားချက်အရ မင်းသမီးနှင့်ထိုက်တန်ရာကိုရှာကြံ၍ မရနိုင်လေသော် မှူးမတ်တို့သည် မင်းလောင်းရှိရာသို့ ဖုတ်သွင်းရထားကို လွှတ်လေသည်။ ထိုအခါ ရထားသည် ဘုရားလောင်းဇနကမင်းသား စက်တော်ခေါ်ရာ မင်္ဂလာကျောက်ဖျာ၌ ရပ်တန့်လေသည်။ ထို့ကြောင့် မှူးကြီးမတ်ရာ သေနာပတိတို့သည် ပုရောဟိတ်ပုဏ္ဏား၏ အကြံပေးချက်အရ ဘုန်းရှင်သမ္ဘာရှင်ဖြစ်၊ မဖြစ်ကိုလည်းကောင်း၊ ပေါလဇနကမင်း

စာမျက်နှာ ၁၃ သို့ ❖

◆ စာမျက်နှာ ၁၂ မှအဆက်

မိန့်မှာခဲ့သည့်အတိုင်း ကာယဗလ၊ ဉာဏဗလ ရှိ၊ မရှိကိုလည်းကောင်း စမ်းသပ်ပြီးသော် အလောင်းတော် ဇနကမင်းသားအား မိတ္ထီလာပြည်၏ ထီးနန်းကို သီဝလိဒေဝီ မင်းသမီးနှင့်တကွ အပ်နှင်းလေသည်။

တစ်နေ့သောအခါ ဥယျာဉ်တော်သို့ ထွက်တော်မူသည်တွင် မဟာဇနကမင်းသည် သရက်ပင်နှစ်ပင်၏ ဥပမာကိုကြည့်၍ နေက္ခမ္မဝိတက်ဖြင့် အကြံတော်ရှိပြီး လျှင် ရဟန်းအဖြစ်ကို တောင့်တ၍ တောထွက်တော်မူလေသည်။ မိဖုရားကြီးလည်း သားတော်ဒီဃာဝုမင်းသားအား ထီးနန်းအပ်၍ ရဟန်းပြုလေသည်။ ဇာတ်တော်သည် နေက္ခမ္မပါရမီကို အဓိကထားဟောကြားတော်မူသော်လည်း ဝီရိယပါရမီဖြည့်တင်းပုံကိုလည်း ပြဆိုလေသည်။

မြန်မာ့ဇာတ်သဘင်သည် အထက်ပါဇာတကကဲ့သို့ ရှေးရိုးဇာတ်ကြောင်းများမှ တိုးတက်ကြီးပွားလာသည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာတိုင်းရင်းသားတို့၏ ဘဝသည် ယခုတိုင် စပါးစိုက်ပျိုးခြင်းနှင့် ဆက်စပ်လျက်ရှိလေရာ စပါးစိုက်ပျိုးခြင်းကို အကြောင်းပြု၍ ကောက်စိုက်ချိန်၌လည်းကောင်း၊ စပါးရိတ်သိမ်းချိန်၌လည်းကောင်း ပျော်ပွဲရွှင်ပွဲများကျင်းပမြဲဖြစ်သည်။ ထိုပျော်ပွဲရွှင်ပွဲများအတွက် ဇာတ်လမ်းများရေးကြသည်။ ဇာတ်လမ်းအလိုက် ကခုန်ကြသည်။ ဤနည်းကား စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆိုင်သော ရှေးရိုးအကအခုန်များမှ စိတ်ကူးရင့်သန်ကာ အသိပညာပေးလိုသောစေတနာ ဖွံ့ဖြိုးလာခြင်းပင်ဖြစ်သည်။ ထိုမှ လက်ရှိမြန်မာ့သဘင်ပညာပေါ်ထွက်လာသည်။ ထို့ပြင် မြန်မာတို့သည်ရှေးအခါမှစ၍ ဗုဒ္ဓအယူဝါဒနှင့်ဆက်စပ်လျက်ရှိသော ပွဲတော်များကျင်းပလေ့ရှိခြင်း၊ အလှူပေးခြင်း၊ ရှင်ပြုခြင်း၊ နားထွင်းခြင်း၊ ဘုရားတည်ခြင်း၊ ဘုရားပွဲကျင်းပခြင်း စသော ပျော်ပွဲရွှင်ပွဲတို့အတွက် ဆိုင်ရာဇာတ်လမ်းများကို ရှာဖွေရေးသားရင်း ဇာတကတို့သည်လည်း မြန်မာ့သဘင်ပညာ၏အမြစ်တွယ်ရာ ဖြစ်လာရလေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ဇာတ်တော်ကြီးပြိုင်ပွဲကို ဘာသာရပ်တစ်ခုအနေနှင့် ထည့်သွင်းကျင်းပနေခြင်းသည် အမြစ်တွယ်ပြီးဖြစ်သည့် မြန်မာ့ဇာတ်သဘင်ပညာကို ပိုမို ဖွံ့ဖြိုးလိုရေးပင်ဖြစ်သည်။ အများအားဖြင့် အနုပညာရှင်အချို့သည် ဝင်ငွေကောင်း၍ နာမည်ကြီးလာလျှင် ဆက်လက်မကြိုးစားကြတော့ဘဲ တင်းတိမ်ကျေနပ်သွားတတ်ကြသည်။ စင်စစ်ဇာတ်သဘင်ပညာသည် ဆည်းပူးရန်အချိန်ကာလလည်းကြာညောင်းသည့်အပြင် သာမန် ဖွဲလုံ့လနှင့်လည်း ပညာမပြည့်စုံနိုင်ပေ။ ပညာအရည်အချင်းပြည့်ဝသူများ ရှားပါးလာခြင်းဖြင့် နောင်တစ်ချိန်ဝယ် လုံးဝကွယ်ပျောက်မည့် အလားအလာကို ကြိုတင်မျှော်မှန်းကာ ပြိုင်ပွဲတစ်ရပ်အသွင်ကျင်းပပေးနေခြင်းဖြစ်သည်။ သို့မှသာ ဇာတ်သဘင်ပညာတင်ကျန်ရစ်ပြီး တိမ်ကောသွားမည့်ဘေးမှ ကင်းဝေးစိတ်အေးရမည်ဖြစ်သည်။

ဇာတ်သဘင်ပညာသည် မင်းသား၊ မင်းသမီး၊ မင်းသားကြီး၊ လူရွှင်တော်၊ အပျိုတော်၊ ဝိုင်းတော်တီး၊ ဘုရင်နှင့် ဝန်ကြီးကအစ မိမိတို့ဆိုင်ရာ ပညာခန်းများ၌ ကျွမ်းကျင်ရေးမှာ အဓိကလိုအပ်ချက်ပင်ဖြစ်သည်။ ယခင်က ပရိသတ်

**❑ စင်စစ်ဇာတ်သဘင်ပညာသည် ဆည်းပူးရန် အချိန်ကာလလည်းကြာညောင်းသည့်အပြင် သာမန်ဖွဲလုံ့လနှင့်လည်း ပညာမပြည့်စုံနိုင် . . .**

**❑ ပညာအရည်အချင်းပြည့်ဝသူများ ရှားပါးလာခြင်းဖြင့် နောင်တစ်ချိန်ဝယ် လုံးဝကွယ်ပျောက်မည့်အလားအလာကို ကြိုတင်မျှော်မှန်းကာ ပြိုင်ပွဲတစ်ရပ်အသွင် ကျင်းပပေးနေခြင်းဖြစ် . . .**

**❑ သို့မှသာ ဇာတ်သဘင်ပညာတင်ကျန်ရစ်ပြီး တိမ်ကောသွားမည့်ဘေးမှ ကင်းဝေးစိတ်အေးရမည်ဖြစ် . . .**

သည် အခြားကြည့်စရာမရှိ၍ ဇာတ်၊ အငြိမ့်၊ ရုပ်သေးကိုသာ အားကိုးကြည့်ရှုကြရသော်လည်း ယခုသော်ကား အခြားအစားထိုးစရာ ဖျော်ဖြေမှုအများအပြားက အစားထိုးဝင်ရောက်နေရာယူလာကြသည်။ ပွဲမကြည့်လိုပါက ရုပ်ရှင်ကြည့်နိုင်သည်။ အိမ်၌နေရင်း တီဗွီဇာတ်လမ်းတွဲများကြည့်နိုင်သည်။ You Tube မှ နှစ်သက်ရာများကို ရှာဖွေကြည့်နိုင်သည်။ မြန်မာ့ဇာတ်သဘင်ပညာရှင်များရရှိထားသည့် ဈေးကွက်ကို ခွဲဝေပေးလိုက်ရခြင်းပင်ဖြစ်သည်။ မိမိပရိသတ်ကို ပြန်လည်ရရှိရေးအတွက် မိမိကိုယ်တိုင်တာဝန်ရှိသည်။ သို့ဆိုခြင်းဖြင့် မြန်မာ့ဇာတ်သဘင်ပညာရှင်များ၌သာ လုံးဝတာဝန်ရှိသည်ဟုမဆိုလိုပါချေ။ တာဝန်လွှဲထားရန်လည်း အချိန်မဟုတ်တော့သဖြင့် နိုင်ငံတော်က တစ်နိုင်တစ်ပိုင်ဝင်ရောက်တာဝန်ယူပေးခြင်းပင်ဖြစ်သည်။

ဆရာဇော်ဂျီ၏ "ရသစာပေအဖွင့်နှင့်နိဒါန်း"စာအုပ်တွင် "ဇာတ်သဘင်လောကတွင် တိုးတက်လာသောအချက်များရှိပါသည်။ သို့ရာတွင် မပြောပလောက်သေးချေ။ အဘယ်ကြောင့်ဆိုသော် သဘောအားဖြင့်တိုးတက်ခြင်းမဟုတ်၊ အသွင်အားဖြင့်တိုးတက်ခြင်းမျှလောက်သာဖြစ်သောကြောင့်ပင်။ ဥဒါဟရုဏ်ကား မြေဝိုင်းဇာတ်ကနည်းမှ ဇာတ်ခုံ၊ ကားဆွဲဇာတ်ကနည်းသို့ ပြောင်းလဲတိုးတက်လာမှုဖြစ်သည်။ ထိုမှတစ်ဆင့် လွန်ခဲ့သော ငါးနှစ်လောက်က စတင်ကပြလာသော ရုပ်ရှင်ပြဇာတ်ကနည်းဖြစ်သည်။ ယခုအခါတွင် ဒရာမာခေါ် စကားအချီအချ သဘာဝကျအောင် ရေးသားကြသော စကားပြေပြဇာတ်မျိုးလည်း ကြိုကြိုကြားကြားပေါ်လာပြီ။ ထိုပြဇာတ်မျိုး ခေတ်စားလာသောအခါ မြန်မာ့သဘင်သမိုင်းတွင် သဘင်လောက တိုးတက်လာ၍ အဆင့်အတန်းလည်းမြင့်လာပြီဟု ဆိုနိုင်သည်။" ဟု မြန်မာအနုပညာဝေဖန်ချက်အခန်းတွင် ဝေဖန်ရေးသားခဲ့သည်ကိုတွေ့ရသည်။

မဟာဇနကဇာတ်တော်သည် နေက္ခမ္မပါရမီတော်ကိုအကြောင်းပြု၍ဟောကြားခြင်းဖြစ်သဖြင့် ဇာတ်အဖွင့်နှင့် ဇာတ်အသိမ်း၊ နှစ်ပါးသွားခန်းစသည်တို့၌ နေက္ခမ္မပါရမီကို အနုပညာမြောက်စွာဖော်ပြပို့ဆောင်ပေးနိုင်ကြသည်ကိုတွေ့မြင်ရသည့်အပြင် ဝီရိယပါရမီဖြည့်တင်းပုံကိုလည်း ပုံဖော်ပြသပေးနိုင်ခဲ့ပါသည်။

ဇာတ်ဝင်ခန်းနှင့်လိုက်ဖက်သော ဆက်တင်အထူးပြုလုပ်ချက်များ ဖန်တီးနိုင်ခြင်းသည် ပရိသတ်၏ လက်ခုပ်ကို ကဲ့ယူနိုင်ခြင်းပင်ဖြစ်သည်။ လက်ခုပ်နောက် ဝယ်ရမှတ်တို့လည်း ကပ်ပါလာနိုင်မည်ဟု ယူဆသော်ရသည်။ ဇာတ်ညွှန်းရေးသူနှင့်ဒါရိုက်တာတို့၏ စိတ်ကူးကွန့်မြူးသည့်အတိုင်း ဇာတ်ကို စွဲမက်ဖွယ်ဖြစ်အောင် ဆက်တင်အထူးပြုလုပ်ချက်ပေးထားခြင်းသည်အခွင့်အလမ်းကောင်းပင်ဖြစ်သည်။

ဇာတ်၏ရည်ရွယ်ချက်များနှင့်အညီ ဇာတ်သဘင်၏ အခြေခံကျင့်ဝတ်များကို အတတ်နိုင်ဆုံး လိုက်နာစောင့်စည်းပြီး ကောင်းမွန်စွာတင်ဆက်ယှဉ်ပြိုင်ကြသည်ကို တွေ့ရ၍ အားရကျေနပ်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဖူဆယ်ဘောလုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**ကျွန်းစု အောက်တိုဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရှိ မြို့နယ်မိုးလုံလေလုံအားကစားခန်းမ၌ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဦးစီးကြီးကြပ်၍ ဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာလ ၁၉ ရက် ညနေပိုင်းတွင် ကျင်းပသည်။

ဗိုလ်လုပွဲတွင် U – 22 ထိန်ချောင်းအသင်းနှင့် အမှတ် (၂)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိန်ချောင်းအသင်းက အမှတ်(၂) အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိကာ တံခွန်စိုက်ဆုဖလားရရှိခဲ့သည်။

ပြိုင်ပွဲတွင် အသက် ၂၂ နှစ်အောက် အမျိုးသားအသင်း ၁၂ သင်း၊ အသက် ၁၄ နှစ်အောက် အမျိုးသားအသင်း ခုနစ်သင်း အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကစားရာ ဆုရရှိသည့်အသင်းများအား လည်ဆွဲဆုနှင့် ငွေသားဆုများကို မြို့နယ်အားကစားမှူး ဒေါ်ပပထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသောအသင်းအား မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်းက တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

**ကလော အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးသွားမည်ဖြစ်၍ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာလ ၂၀ ရက် နံနက်ပိုင်းတွင် နန်းတိုင်းကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က ရွာသစ်ကုန်းကျေးရွာ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးသွားမည်ဖြစ်၍ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

## သဖင်(FM)အသံလွှင့်အစီအစဉ်

၂၁-၁၀-၂၀၂၄(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက်သဖင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၁၀၆) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ကျင်းပမည်



**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား တင့်တယ်ကြည်ညိုဖွယ်ရာအဆင်းဖြင့် အစွန့်ရှည်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းစောင့်ရှောက်ရင်း ဗုဒ္ဓမြတ်စွာသာသနာတော်စည်ပင်ပြန့်ပွားထွန်းကားစေရန်ရည်ရွယ်၍ (၁၀၆) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာလျှောက်မေးပွဲသို့ ဝင်ရောက်ဖြေဆိုမည့်သံဃာတော်များသည် ဝင်ခွင့်ပုံစံများကို ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်းထုတ်ယူ၍လည်းကောင်း၊ Board of Trustee of Shwedagon Pagoda Facebook စာမျက်နှာမှ ကူးယူ၍လည်းကောင်း မှန်ကန်စွာဖြည့်သွင်းပြီး နိုဝင်ဘာလ ၁၅ ရက် နောက်ဆုံးထားပြန်လည်ပေးပို့ရမည်ဖြစ်သည်။ ပရိယတ္တိသာသနာကိုချီးမြှောက်သောအားဖြင့် စာဖြေသံဃာတော်များအား ပစ္စည်းလေးပါးလှူဒါန်းလိုသူများအနေဖြင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဖုန်း ၀၁-၃၇၁၀၈၉ နှင့် ၀၁-၃၇၅၇၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ပရိယတ္တိသာသနာ အစွန့်ရှည်ကြာစွာတည်တံ့ပြန့်ပွားရေးအတွက် နိုင်ငံတော်အစိုးရမှ တိပိဋကရေတိပိဋကကောဝိဒစာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲများကျင်းပကာ သာသနာ့အာဇာနည်များ မွေးထုတ်ပေးလျက်ရှိသည့်နည်းတူ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည်လည်း စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို (၆၇) ကြိမ်မြောက်မှစ၍ ယနေ့တိုင်ကျင်းပ၍ သာသနာ့အာဇာနည်အရှင်သူမြတ်များအား ပူဇော်ချီးမြှောက်လျက်ရှိကြောင်း သိရသည်။

ဝန်းရံခ

---

# ကာလိမြို့၌ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ


**ကာလိ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကာလိမြို့၌ အောက်တိုဘာလ ၁၉ ရက်က ဝါတွင်းသုံးလ အရုဏ်ဆွမ်းလောင်းလှူမှုအောင်ပွဲအနေဖြင့် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကာလိမြို့ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် မြို့စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်သန်း ဦးဆောင်သည့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များက ဆွမ်းဆန်တော်များ၊ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူခဲ့ကြသည်။ အဆိုပါ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဆွမ်းဆန်တော်အလှူခံကြွရောက်ရာတွင် မြတ်စွာဘုရားအားအမှူးထား၍ ကာလိမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များ စုစုပေါင်းအပါး ၄၀၀ ကြွရောက်အလှူခံခဲ့သည်။

မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲတွင် သံဃာတော်များ စိတ်အေးချမ်းသာစွာ အလှူခံကြွရောက်နိုင်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကုသိုလ်ပြုလိုက်ပါကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၁၄)

---




# ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးသီးနှံစုံ ၄၈၀၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးသီးနှံစုံ ၄၈၀၁၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာထွန်း၏ပြောပြချက်အရ သိရသည်။

အဆိုပါမိုးသီးနှံစုံ ၄၈၀၁၄ ဧကကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မိုးသီးနှံစုံ ၄၈၀၁၄ ဧကတွင် ပိန်းဥ ၆၈ ဧက၊ ဟင်းသီးဟင်းရွက် ၄၆၃ ဧက၊ ပန်းအမျိုးမျိုး ၂၅ ဧက၊ ပီလောပီနံ ၅၃ ဧက၊ ကွမ်း ၁၆ ဧက၊ ငရုတ် ကိုးဧက၊ ပဲစင်းငုံ ၂၆ ဧက၊ ကြံ သုံးဧက၊ ဖူးစားပြောင်း ၁၉၂ ဧက၊ နှမ်း ဧက ၃၀၊ မိုးမြေပဲ ၅၃ ဧကနှင့် မိုးစပါး ၄၇၀၇၆ ဧက တို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့မှာ မိုးသီးနှံတွေကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးသီးနှံတွေ စိုက်ပျိုးရာမှာ လျာထားချက်ပြည့်မီစေဖို့နဲ့ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ မိုးသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းစင်စေဖို့၊ အရည်အသွေးကောင်းမွန်စေဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့ စတဲ့စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းပြီး ဆောင်ရွက်ထားပါတယ်" ဟု ဦးကျော်စွာထွန်းကပြောသည်။

ယခုနှစ် မိုးသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ ဒေသခံတောင်သူများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေးအတွက်အရေးပါသည့် ဆည်မြောင်းများပြုပြင်ခြင်း၊ တာတမံများကျိုးပေါက်ခြင်းမရှိစေရန် တာပေါင်မြှင့်တင်ခြင်း၊ရေသွယ်ဆည်မြောင်းများကို မြေသားနှိုက်ခြင်း၊ ရေစိမ့်ပေါက်ရေထွက်ပေါက်များရှာဖွေခြင်း စသည့်လုပ်ငန်းများကို ယခုနှစ်မိုးသီးနှံများ မစိုက်ပျိုးမီကတည်းက ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သုတကျော်

---

# (၂၆)ကြိမ်မြောက် စတုဒိသာကျွေးမွေး လှူဒါန်းခြင်းနှင့် မြန်မာ့ရိုးရာခြင်းလုံး အလှခတ်ဖျော်ဖြေခြင်းတို့ ဆောင်ရွက်

**ကြံခင်း အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကမ္ဘာလုံးရိပ်သာကျောင်းတိုက်ဆရာတော် သာသနာဓဇဓမ္မာစရိယ အသောကာရာမိကသာသနပါလဓမ္မာစရိယ အရှင်တေဇာနန္ဒဦးစီး၍ (၂၆) ကြိမ်မြောက် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းနှင့် မြန်မာ့ရိုးရာခြင်းအလှခတ်ဖျော်ဖြေခြင်းတို့ကို အောက်တိုဘာလ ၂၀ ရက်တွင် အဆိုပါကျောင်းတိုက်၌ ဆောင်ရွက်သည်။

အဆိုပါ ကမ္ဘာလုံးရိပ်သာကျောင်းတိုက်အတွင်း ကိန်းဝပ်စံပယ်နေသော နဝလောဟလာဘမုနိ ဓာတ်ကိုးပါးရုပ်ပွားတော်အား နှစ်စဉ်သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် အလှူရှင်များက လှူဖွယ်ဝတ္ထုအစုစုအား မဲပို့လှူဒါန်းခြင်း၊ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားရှင်အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ လပြည့်ကျော် ၁ ရက်တွင် မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီလှည့်လည်အပူဇော်ခံကြွချီတော်မူခြင်းတို့ ဆောင်ရွက်သည်။

ယင်းနောက် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၌ ကမ္ဘာလုံးရိပ်သာကျောင်းတိုက်ဆရာတော် သာသနာဓဇဓမ္မာစရိယ အသောကာရာမိက သာသနပါလဓမ္မာစရိယ အရှင်တေဇာနန္ဒနှင့် အလှူရှင်များစုပေါင်းကာ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ မြို့နယ်ခြင်းလုံးဆပ်ကော်မတီအဖွဲ့မှဦးစီး၍ မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ဖျော်ဖြေခြင်းတို့ ဆောင်ရွက်ပေးကြောင်း သိရသည်။

ချမ်းမြေ့

# ရုရှားရေတပ် Russian Pacific Fleet မှစစ်ရေယာဉ် ၄ စင်း ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၀

ရုရှားရေတပ် Russian Pacific Fleet မှ ကော်ဗက်စစ်ရေယာဉ်များဖြစ်ကြသည့် စစ်ရေယာဉ် Gromky၊ စစ်ရေယာဉ် Rezky နှင့် စစ်ရေယာဉ် Tsydenzhapov၊ ထောက်ပံ့ရေးရေယာဉ် Pechenga တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ အရာရှိ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Antsiferov Alexey Vitalievich ဦးစီးသည့် အရာရှိ၊ စစ်သည်များလိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများပြုလုပ်ခြင်း၊ ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း (Harbour Phase)များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ် ၄ စင်း ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်သီလဝါဆိပ်ကမ်းသို့ရောက်ရှိလာရာ တပ်မတော်(ရေ)မှအရာရှိကြီးများက ကြိုဆိုနှုတ်ဆက်စဉ်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက ဂုဏ်ပြုဖျော်ဖြေ




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့အား ဂုဏ်ပြုလက်ဆောင်နှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



ဧရာဝတီတိုင်းဒေသကြီးရှိ နယ်မြေခံသင်တန်းကျောင်း၌ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေမှုအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းဒေသကြီးရှိ နယ်မြေခံသင်တန်းကျောင်း၌ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေစဉ်။



မန္တလေးတိုင်းဒေသကြီးရှိ နယ်မြေခံသင်တန်းကျောင်း၌ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေစဉ်။



ပဲခူးတိုင်းဒေသကြီးရှိနယ်မြေခံသင်တန်းကျောင်း၌တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေစဉ်။

နေပြည်တော် အောက်တိုဘာ ၂၀

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့်တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးနေသော နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ နယ်မြေခံသင်တန်းကျောင်းများတွင် သင်တန်းတက်ရောက်နေသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား အောက်တိုဘာလ ၁၉ ရက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက သက်ဆိုင်ရာသင်တန်းကျောင်းများသို့ သွားရောက်ဂုဏ်ပြုသီဆိုဖျော်ဖြေကြရာ သင်တန်းသား၊ သင်တန်းသူများက ကြည်နူးချမ်းမြေ့စွာ ကြည့်ရှုအားပေးကြပြီး ပျော်ရွှင်စွာ အတူတကွပါဝင်သီဆိုခဲ့ကြသည်။

ထိုသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များ၏ သီဆိုဖျော်ဖြေနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကလည်း တက်ရောက် ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့က အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ပြိုင်ပွဲဝင်အကအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် Plenary Hall ၌ကျင်းပသည့် ချင်းတိုင်းရင်းသားရိုးရာအလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အကအဖွဲ့တစ်ဖွဲ့ချင်းစီက ချင်းပြည်နယ်၏ သဘာဝအလှတရားများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် **“ချင်းတောင်တန်းမှ ကြိုဆိုလျက်”** ချင်းရိုးရာတေးသီချင်းနောက်ခံဖြင့် လှပကျော့ရှင်းသည့် ချင်းတိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ချင်းအလှ၊ ချင်းဟန်တို့ဖြင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်ကပြမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ပြိုင်ပွဲများသို့ တက်ရောက်လာကြသူများနှင့်အတူ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့က “ဝေဿန္တရာ” ဇာတ်တော်ကြီးတွင် ပရမတ္ထပါရမီ၏ သဘောသဘာဝဖြစ်သည့် ပါရမီဖြည့်ဖက်ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်ကြံပွားများရသည့် သီလကုသိုလ်အကျိုးနှင့် ဓမ္မနှင့် အဓမ္မအားပြိုင်မှုတို့ကို အနှစ်သာရရှိရှိ ပေါ်လွင်အောင်ဖော်ကျူးသည့်အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရုပ်စုံသဘင်အဖွဲ့လိုက် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ်ပြိုင်ပွဲတွင် ရုပ်စုံသဘင်ပြိုင်ပွဲအဖြစ် “ဝိဓူရ” ဇာတ်တော်ကြီးဖြင့် စတင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အချိန်ကာလအတိုင်းအတာတစ်ခုအထိ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည့် ရုပ်သေးပညာပြန်လည်ပြီး တစ်ခေတ်ဆန်းသစ်လာခဲ့




ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အကအဖွဲ့က ချင်းတိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ချင်းအလှ၊ ချင်းဟန်တို့ဖြင့်ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် “ဝေဿန္တရာ”ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့က အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးစဉ်။

**❖ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ်ပြိုင်ပွဲတွင် ရုပ်စုံသဘင်ပြိုင်ပွဲအဖြစ် “ဝိဓူရ” ဇာတ်တော်ကြီးဖြင့် စတင်ယှဉ်ပြိုင်ခဲ့၊ အချိန်ကာလအတိုင်းအတာတစ်ခုအထိတိမ်မြုပ်ပျောက်ကွယ်နေခဲ့သည့် ရုပ်သေးပညာပြန်လည်ပြီးတစ်ခေတ်ဆန်းသစ်လာခဲ့၊ အကြောင်းကြောင်းကြောင့် ကျင်းပခြင်းမပြုနိုင်ခဲ့သည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးနှင့်အတူ ရုပ်သေးအနုပညာရပ်သည် တိမ်မြုပ်ပျောက်ကွယ်သကဲ့သို့ဖြစ်နေခဲ့ရခြင်းကြောင့် (၂၃)ကြိမ်မြောက်ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှစတင်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် မြန်မာ့ရုပ်သေးပညာရပ်၊ မြန်မာ့ရုပ်စုံပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်ရန်ဖြစ် . . .**




ကြောင်း၊ အကြောင်းကြောင်းကြောင့် ကျင်းပခြင်းမပြုနိုင်ခဲ့သည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးနှင့်အတူ ရုပ်သေးအနုပညာရပ်သည် တိမ်မြုပ်ပျောက်ကွယ်သကဲ့သို့ ဖြစ်နေခဲ့ရခြင်းကြောင့်(၂၃)ကြိမ်မြောက်ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှစတင်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် မြန်မာ့ရုပ်သေးပညာရပ်၊ မြန်မာ့ရုပ်စုံပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်းနှင့် “ဝေဿန္တရာ”ဇာတ်တော်ကြီးကို အလောင်းတော်ဝေဿန္တရာမင်းကြီး ဖြည့်ဆည်းကျင့်ကြံခဲ့သော ဒါနပါရမီ၏ မြင့်မြတ်နက်ရှိုင်းမှုကို ကြည်ညိုသဒ္ဓါပွားများနိုင်စေရန်၊ ဒါနပါရမီ အထွတ်တက်လျက် အခြံအရံပါရမီများအကြောင်းကို သိရှိနာယူကျင့်သုံးနိုင်စေရန်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ သုတ၊ ရသကို ပိုမိုသိရှိနားလည်လာခြင်းအားဖြင့် အသိဉာဏ်၊ ကိုယ်ကျင့်တရားပိုမိုမြင့်မားလာစေရန် စသည့်ဦးတည်ချက်များဖြင့် ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရုပ်စုံသဘင်အဖွဲ့လိုက်အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# SAC Chairman Prime Minister Senior General Min Aung Hlaing, his wife Daw Kyu Kyu Hla enjoy participation of contestants in 25th Performing Arts Competitions





Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch performances and dances in Chin styles presented by a troupe representing Sagaing Region.

NAY PYI TAW October 20

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla this afternoon watched participation of contestants at the Central Level of the 25th Silver Jubilee Myanmar Traditional Cultural Performing Arts Competitions at the Myanmar International Convention Centre-II (MICC-II) in Nay Pyi Taw.

Also present at the competitions together with the Senior General and his wife were council members and their spouses, Union Ministers, union-level dignitaries and their spouses, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief and their wives, deputy ministers, members of the panel of judges assessing the competitions, supervisors, contestants from regions and states, ethnic brethren, as well as citizens who cherish cultural performing fine arts.



Senior General Min Aung Hlaing shakes hands with a member of the panel of judges.


The Senior General, his wife and party watched performances and dances in Chin styles presented by each troupes from regions and states at the open level of the Chin traditional dancing contest, portraying natural beauties of the Chin State and traditional cultures and customs at Plenary Hall, with a Chin traditional song titled **"Welcome to Chin Hills"**.

After the competition, the Senior General and his wife warmly conversed with members of the panel of judges and contestants.

In the evening, the Senior General and his wife together with audiences enjoyed competitions of troupes in the marionette contest of the 25th Performing Arts Competitions at Yinkyayhmu Yadana Hall of the Ministry of Religious Affairs and Culture.

First, Yadanabon marionette troupe representing Mandalay Region showed off their performing arts talents and skills with dances and dialogues to compete in the "Vessantara" drama contest at the amateur (first grade) level with the essence of consequences of Sila and competitiveness in Dhamma and Adhamma exercised by noble persons in serving interests of others under the





Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch performances by Yadanabon marionette troupe representing Mandalay Region.

See Page - 19 ●●

●● From Page - 18

nature of Paramattha Parami.

The Senior General and his wife cordially greeted members of the panel of judges for the marionette contest and contestants.

The Performing Arts Competitions commenced in 1993, and the "Vidhura" drama contest was designated for marionette event in 1998. As such, the art of marionette which had faded out for some years resurged. As the Performing Arts Competitions together with the art of marionette was halt for some reasons, the art of marionette was rejuvenated with the presentation of Vessantara Drama which resumed at the 23rd Performing Arts Competitions in order to preserve Myanmar traditional cultural heritage. Moreover, the contest of marionette aims to admire and emulate the deep Dana Parami exercised by King Vessantara, understand varieties of Parami based on Dana Parami and comprehensively accumulate knowledge about the history of Buddhism for enhancement of perception and morality.

**100**

# Farmers plant more than 3,000 acres of monsoon paddy in Monywa Township

MONYWA October 20

Local farmers have planted 3,295 acres of monsoon paddy in Monywa Township of Sagaing Region this monsoon, according to Monywa Township Agriculture Department.

Local authorities earmarked 4,000 acres of monsoon paddy in 2024-2025 monsoon season but local farmers have planted 3,295 acres of monsoon paddy against the target cultivation.

U Soe Thet Aung, Head of Monywa Township Agriculture Department said: "Local farmers have grown 3,295 acres of monsoon paddy against the target of 4,000 acres this year. Township Agriculture Department provides agricultural techniques to local farmers with quality strains of crops. Moreover, agriculturists made field trips to farmlands for encouraging local farmers to grow monsoon paddy in time."

This year, officials of Township Agriculture Department and local farmers cooperate with each other in systematically grow monsoon paddy without difficulties.

Officials of Township Agriculture Department helped local farmers with agricultural techniques, prevention of pests, minimizing loss of crops and keeping crops under shelter in time.

This year, monsoon paddy plantations are thriving in Monywa Township. Agricultural staff members helped local farmers choose quality strains of crops, conduct surveillance of pests, weed the crop plantations, remove different strains of crops and systematically use fertilizers. **SK**

# Plan underway to grow more than 13,000 acres of groundnut in Sagaing Township

SAGAING October 20

A plan is underway to place a total of 13,770 acres of croplands under groundnut plants in coming cold season in Sagaing Township of Sagaing Region, according to the statistics of Sagaing Township Agriculture Department.

Local farmers will grow groundnut plants from October to December this year to meet the target cultivation of 13,770 acres of groundnut in Sagaing Township.

U Zaw Oo, Head of Sagaing Township Agriculture Department explained: "Local authorities earmarked more than 13,000 acres of groundnut in coming cold season. As such, our department will assist in local farmers to grow groundnut for meeting the target cultivation. Sagaing Township is proper to successfully grow groundnut plants. Local farmers expand sown acreage of groundnut year after year."

It is necessary to use 1.5 baskets of groundnut seeds per acre. Local farmers cost more than Ks-200,000 per acre of groundnut for agricultural expenditure, labour charge, fertilizers and pesticides. Each acre of crop yields more than 50 baskets of groundnut per acre.

This year, officials of the township department will inspect groundnut plantations for prevention of pests and weeding for boosting per-acre yield of crops.

**SK**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Assange's father says he's grateful to Putin

MOSCOW October 20

John Shipton, the father of WikiLeaks co-founder Julian Assange, has said that he is grateful to Russian President Vladimir Putin for supporting his son amid his persecution by Western authorities.

Shipton arrived in Moscow on Sunday at the invitation of Russian journalist Mira Terada, the co-chair of the BRICS Journalists' Association.

"In 2012, President Putin became the first head of state to speak out in defense of Julian's interests as a publisher and citizen," Shipton told RIA-Novosti news agency.

Putin came forward when only "defamatory lies" were spread about his son in the media, Assange's father said.

"For this, I express my sympathy to your president," he added.

Assange spent five years in Belmarsh high-security prison in the UK as he fought extradition to the US, which had accused him of unlawfully obtaining and disclosing classified information, much of which was related to American war crimes. He was placed in the facility over breach of bail, after living in the Ecuadorian Embassy in London, which had granted him asylum, between 2012 and 2019.

In June, he struck a plea bargain with the US Justice Department, formally acknowledging some guilt and waiving his right to legal recourse in exchange for freedom. "I pled guilty to journalism," Assange explained later.



In an interview with RT earlier on Saturday, Shipton explained the reason for his current visit to Russia. "I hope to offer the hand of friendship between myself and the Russian people, for it is only through peace between the West and Russia, and BRICS, that the world can live in some sort of harmony without the constant fear of destruction by atomic weapons," he said.

**RT**

# Syria's Assad, Jordanian FM discuss refugee return

DAMASCUS October 20

Syrian President Bashar al-Assad met with visiting Jordanian Foreign Minister Ayman Safadi in Syria's capital Damascus on Sunday to discuss a range of issues, with a primary focus on facilitating the return of Syrian refugees.

Assad emphasized that the safe return of Syrian refugees remains a top priority for the Syrian government, noting that significant progress has been made in creating the necessary legal and legislative environment to facilitate their return.

According to the United Nations High Commissioner for Refugees (UNHCR), Jordan is one of the countries most affected by the Syrian crisis, hosting the world's second-highest number of refugees per capita. Some 730,000 refugees are registered with UNHCR, predominantly from Syria.

Safadi, for his part, reaffirmed Jordan's commitment to supporting the return of Syrian refugees, stressing that his country is working hard to assist in this effort.


He also expressed Jordan's support for stability and recovery in Syria, which he said is in the best interest of the broader region.

Safadi also held talks with his Syrian counterpart, Bassam Sabbagh, on resolving the Syrian crisis, addressing the refugee situation, and combating drug trafficking.

Safadi's visit to Syria, which was not announced in advance, comes at a time of exceptional circumstances in the region, including Israel's ongoing war on Gaza and the widening Israeli attacks on Lebanon, as well as rising tensions between Israel and Iran.

**Xinhua**

# US probing intelligence leak on Israel's preparations to attack Iran - reports




MOSCOW October 20

The United States is investigating a leak of its top-secret intelligence on Israel's preparations to strike Iran, which includes Israeli Air Force exercises using air-to-ground missiles, CNN reported citing three people familiar with the situation.

The documents dated October 15 and 16 began to circulate online on Friday, October 18. According to the broadcaster, they are marked "top secret" and have a marking indicating that only members of the Five Eyes intelligence alliance, which also includes Canada, New Zealand, the United Kingdom and Australia, can access the information.

One document, compiled by the National Geospatial-Intelligence Agency, describes Israeli plans that include the movement of munitions. Another document says its source is the National Security Agency and describes Israeli Air Force exercises using air-to-ground missiles, which are also believed to be part of preparations for a strike on Iran, CNN claims.

**Sputnik**

# 'I voted for Moldova sovereignty, independence from West' – head of Gagauzia Autonomous Region

MOSCOW October 20

The head of Moldova's autonomous region of Gagauzia, Yevgenia Gutsul, said on Sunday that she had voted in the presidential election and the EU integration referendum in Moldova, casting her vote for the strengthening of sovereignty and neutral status.

On Sunday, Moldova is holding a presidential election and a referendum to decide if the country should change its constitution to aim for EU membership. Both the election and the referendum will be deemed valid if voter turnout exceeds 33.3%.

"I cast my vote for peace and civil harmony, for the strengthening of sovereignty and neutral status. The people of the Republic of Moldova deserve to be led by a president who is able to unite our society and direct its energy toward creation and development," Gutsul said on Telegram.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Scientists discover the precise amount of time you need to walk to get fit - and it’s less than 30 seconds

Hitting 10,000 steps a day is a popular fitness goal for millions.

But a less time-consuming alternative may be more effective when it comes to losing weight, if new research is to be believed.

For building 'micro walks' into your day could help burn more calories than plodding along steadily, a study has suggested.

Italian scientists, who tracked the movements of 10 healthy adults, discovered that walking in 10 to 30-second bouts used up to 60 percent more energy than covering the same distance in one go.

Results showed that 'breaking up sedentary time with brief strolls' could 'greatly increase energy expended daily and improve health', the experts claimed.

Francesco Luciano, an expert in physiology at the University of Milan and study lead author said: When we walk for shorter bouts, we use more energy and consume more oxygen to cover the same distance.


We found that when starting from rest, a significant amount of oxygen is consumed just to start walking.

'It’s like having a car that consumes more fuel during the first few kilometres than it does afterwards.'

In the study, researchers monitored the volunteers as they exercised on a stair climber and a treadmill.

The exercises covered three different speeds with bouts lasting from 10 seconds to four minutes.

Scientists then recorded how much oxygen each person consumed and calculated the metabolic demands of each walk.




They found that more energy was needed at the start of each walk, to get going and warm the body up, than later in the exercise when the body was already moving.

Writing in the journal Proceedings of the Royal Society B, they added: 'The message pertains to our daily lives: whenever possible, we should break up periods of sitting by taking a few steps.'

The World Health Organisation (WHO) recommends adults get at least 150 minutes of moderate-intensity exercise a week — or 75 minutes of vigorous exercise.

Sedentary lifestyles in the UK, with Brits spending their workhours deskbound, then sitting in a train or car on their way home to sit down in front of the TV, have been estimated to kill thousands each year.

One 2019 estimate put the annual death toll at 70,000 people a year with the health issues caused costing the NHS £700million each year to treat.

A US Centers for Disease Control and Prevention (CDC) study in 2018 estimated almost one in 10 (8.3 percent) of adult deaths in the US were caused by physical inactivity.

The WHO puts the annual global death toll from physical inactivity at around 2 million per year, making it in the running to be among the top 10 leading causes of global death and disability.

Physical inactivity has been long linked to health problems like cardiovascular disease as well contributing to health problems like obesity, itself linked to an increased risk of type 2 diabetes and some cancers.

Cardiovascular disease is usually associated with the build-up of fatty deposits inside the arteries that can lead to dangerous blockages that can trigger a heart attack or stroke.

Stokes are considered a leading cause of both death and disability in the UK, killing about 38,000 people per year and disabling many more.

### HOW MUCH EXERCISE YOU NEED

To stay healthy, adults aged 19 to 64 should try to be active daily and should do:

- at least 150 minutes of moderate aerobic activity such as cycling or brisk walking every week and
- strength exercises on 2 or more days a week that work all the major muscles (legs, hips, back, abdomen, chest, shoulders and arms)

Or:

- 75 minutes of vigorous aerobic activity such as running or a game of singles tennis every week and
- strength exercises on 2 or more days a week that work all the major muscles (legs, hips, back, abdomen, chest, shoulders and arms)

Or:

- a mix of moderate and vigorous aerobic activity every week – for example, 2 x 30-minute runs plus 30 minutes of brisk walking equates to 150 minutes of moderate aerobic activity and
- strength exercises on 2 or more days a week that work all the major muscles (legs, hips, back, abdomen, chest, shoulders and arms)

A good rule is that 1 minute of vigorous activity provides the same health benefits as 2 minutes of moderate activity.

One way to do your recommended 150 minutes of weekly physical activity is to do 30 minutes on 5 days every week.

All adults should also break up long periods of sitting with light activity.

**Mail Online**

# TRANSPORTATION

## မိုင် ၅၀ စမ်းသပ်ပျံသန်းမှုကို အောင်မြင်စွာလုပ်နိုင်ခဲ့တဲ့ Chery ကားပျံ

Chery ဆိုတာက တရုတ်နိုင်ငံကကား ထုတ်လုပ်တဲ့ကုမ္ပဏီတစ်ခုဖြစ်ပြီး တခြား ကုမ္ပဏီတွေနဲ့ယှဉ်ရင် သိပ်မထင်ရှားတဲ့ ကုမ္ပဏီလို့ထင်ရပေမယ့်လည်း အခုတော့ အောင်မြင်မှုအကြီးကြီးတစ်ခုကို လူသိရှင်ကြားထုတ်ဖော်ပြသလိုက်နိုင်ပါပြီ။

သူတို့ထုတ်ဖော်ပြသလိုက်တဲ့အရာက တော့ မောင်းသူမဲ့ကားပျံရဲ့ရှေ့ပြေးပုံစံပါပဲ။ "မြေပြင်၊ ဝေဟင်သွားယာဉ်" ဆိုပြီး အမည်ပေးထားတဲ့ အဲဒီမောင်းသူမဲ့ကားပျံမှာ စတီယာရင်နဲ့ လီဗာတို့တစ်ခုမှမပါဝင်ပါဘူး။ တကယ့်ကိုပဲမောင်းသူမဲ့စစ်စစ်ကြီးပါ။ ထူးခြားတာတစ်ခုက ရှေ့ပြေးပုံစံလို့ဆိုထားပေမယ့်လည်း စမ်းသပ်ပျံသန်းမောင်းနှင်မှုကို မိုင် ၅၀ အထိအောင်မြင်စွာလုပ်ဆောင်ထားခြင်းဖြစ်ပါတယ်။

Chery ရဲ့ထုတ်ပြန်ချက်အရဆိုရင် သူတို့ရဲ့ကားပျံမှာ စနစ်နှစ်မျိုးပါပါတယ်။ အလိုအလျောက်ပျံသန်းမှုစနစ်နဲ့ မြေပြင်မောင်းနှင်မှုစနစ်ဆိုပြီးတော့ပါ။ ဒီလိုမျိုးစနစ်တွေပေါင်းစပ်ထားတာကြောင့် မြို့တွင်းခရီးတိုသွားမယ်ဆိုရင်လည်း အဆင်ပြေစေနိုင်သလို ဝေဟင်ပေါ်ကနေပျံသန်းပြီးသွားမယ်ဆိုရင်လည်း အဆင်ပြေစေပါလိမ့်မယ်။

သူ့ရဲ့နောက်ထပ်ထူးခြားချက်တစ်ခုက တခြားကားပျံတွေလိုမျိုး အရှိန်ယူပြီးပျံတက်ရတာမဟုတ်ဘဲ ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်ခြင်းဖြစ်ပါတယ်။ **Ref: IE**

**K.H**



## ခရီးသွားလေလေ အားပိုဝင်လေလေဖြစ်စေမယ့် E-cat စွမ်းအင်စနစ်

လျှပ်စစ်စွမ်းအင်သုံးယာဉ်လောကမှာ ထူးခြားမှုတစ်ခုတော့ ပေါ်ထွက်လာခဲ့ပါပြီ။ အဲဒီထူးခြားမှုက ဘာလဲဆိုရင် ကားက ခရီးဝေးဝေးသွားလေလေ၊ ဘက်ထရီအားက ပိုဝင်လေလေဖြစ်စေအောင်စွမ်းဆောင်နိုင်စေတဲ့ နည်းပညာတိုးတက်မှုတစ်ခုပဲဖြစ်ပါတယ်။

ပုံမှန်အားဖြင့်ဆိုရင် လျှပ်စစ်စွမ်းအင်သုံးယာဉ်တွေက ဘက်ထရီမှစွမ်းအင်ရယူပြီး သွားလာတာပါ။ သွားလာတဲ့အချိန်ကြာလေလေ၊ စွမ်းအင်ပိုကုန်လေလေဖြစ်ရပါတယ်။ ဒါပေမဲ့ အီတလီနိုင်ငံ လက်တီနာမှာလက်တွေ့သရုပ်ပြသခဲ့တဲ့ Renault Twizy 80 အမျိုးအစားမော်ဒယ်နှစ်မျိုးစလုံးအနက်တစ်မျိုးမှာ အဆင့်မြှင့်တင်ထားတဲ့ဘက်ထရီစနစ်ကိုတပ်ဆင်ပြီး အား ၆၇ ရာခိုင်နှုန်းနဲ့ ခြောက်နာရီကျော်ကြာတဲ့အထိမောင်းနှင်ခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ဘက်ထရီအားက ၈၃ ရာခိုင်နှုန်းအထိတိုးလာတာတွေ့လိုက်ရပါတယ်။

အဲဒီစနစ်ကို E-cat စွမ်းအင်ထုတ်လုပ်လည်ပတ်မှုစနစ်လို့အမည်ပေးထားတာပါ။ သူ့ကို လီယိုနာဒိုကော်ပိုရေးရှင်းက ဖန်တီးထားတာဖြစ်ပြီး လျှပ်စစ်ကားမှာပါတဲ့ဘက်ထရီကို အားပြန်သွင်းပေးတဲ့စနစ်ပါ။ ဒါကြောင့် လျှပ်စစ်ကားတွေကို ၂၄ နာရီပတ်လုံး စွမ်းအင်ကုန်ဆုံးသွားခြင်းမရှိဘဲ တောက်လျှောက်မောင်းနှင်နိုင်စေမှာဖြစ်ပါတယ်။ **Ref: IE**

**K.H**



# MOBILE ARENA

## အရောင်လေးမျိုးနဲ့ထွက်ပေါ်လာမယ့် ဆမ်ဆောင်းရဲ့ Galaxy S25 Ultra



ဆမ်ဆောင်းကုမ္ပဏီက Galaxy S25 Ultra အမျိုးအစားစမတ်ဖုန်းကို လာမယ့်နှစ် ဇန်နဝါရီလမှာ တရားဝင်ထုတ်ဖော်မိတ်ဆက်သွားဖွယ်ရှိပါတယ်။ ဒီလိုမျိုး တရားဝင်မိတ်ဆက်ခြင်းမရှိသေးပေမယ့်လည်း သူကဘယ်လိုအရောင်တွေနဲ့ဈေးကွက်ဝင်လာမလဲဆိုတာကိုတော့ မကြာသေးခင်ကပဲ မြင်တွေ့လိုက်ရပါတယ်။

ဒီအချက်အလက်တွေကို ယုံကြည်စိတ်ချရမှုရှိတဲ့သူတွေဆီကနေ ရရှိထားတာဖြစ်ပြီး Galaxy S25 Ultra က အနက်ရောင်၊ အစိမ်းရောင်၊ အပြာရောင်နဲ့ တိုက်တေနီယံအရောင် ဆိုပြီး အရောင်လေးရောင်နဲ့ထွက်ပေါ်လာမှာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် သူ့ရဲ့ရှေ့ဘက်မှာကင်မရာအတွက်အပေါက်လေးတစ်ပေါက်ပါဝင်ပြီး နောက်ဘက်မှာတော့ ကင်မရာဒီဇိုင်းက ထူးထူးခြားခြားပြောင်းလဲသွားတာမရှိဘဲ ကင်မရာပေါင်တွေက ပိုပြီးကြီးမားလာတာကိုတော့ တွေ့ရပါတယ်။ ကင်မရာရဲ့ ရုပ်ထွက်ပိုင်းကတော့ 200MP အထိရှိမယ်လို့သိရပါတယ်။ **Ref: GA**

**K.H**

## အိန္ဒိယစမတ်ဖုန်းလောကမှာ Vivo ကနံပါတ်တစ်ဖြစ်လာ



ဒီနှစ်ရဲ့ တတိယသုံးလပတ်ကာလမှာတော့ Vivo စမတ်ဖုန်းတွေက အိန္ဒိယရဲ့ စမတ်ဖုန်းဈေးကွက်မှာ နံပါတ်တစ်နေရာကို ရရှိလာတာတွေ့ရပါတယ်။ ဈေးကွက်ဝေစုကိုလည်း ၁၉ ရာခိုင်နှုန်းအထိရရှိလာပါတယ်။

ပြီးခဲ့တဲ့နှစ် တတိယသုံးလပတ်ကာလမှာ အလုံးရေ ၇ ဒသမ ၂ သန်းသာတင်ပို့ခဲ့ရပေမယ့် ဒီနှစ် တတိယသုံးလပတ်မှာတော့ အလုံးရေ ၉ ဒသမ ၃ သန်းအထိ တင်ပို့ရောင်းချခဲ့ရတာပါ။

Vivo ရဲ့နောက်မှာတော့ Xiaomi က အလုံးရေ ၇ ဒသမ ၈ သန်းနဲ့ ဒုတိယနေရာ၊ ဆမ်ဆောင်းက အလုံးရေ ခုနစ်သန်းခွဲနဲ့ တတိယနေရာ၊ Oppo က စတုတ္ထနေရာနဲ့ Realme က ပဉ္စမနေရာတို့ကို အသီးသီးရရှိထားပါတယ်။ **Ref: GA**

**K.H**

## iPhone 17 ရဲ့အချက်အလက်တချို့ထွက်ပေါ်

iPhone 16 က မကြာသေးခင်ကမှ ထွက်ရှိထားတာဖြစ်ပေမယ့် သေချာခိုင်မာတဲ့အရင်းအမြစ်တချို့ဆီကနေ iPhone 17 ရဲ့အချက်အလက်တချို့ထွက်ပေါ်လာတာတွေ့ရပါတယ်။ ပထမဆုံးပြောင်းလဲမှုတစ်ခုက iPhone 17 Slim ဆိုတဲ့မော်ဒယ်တစ်ခုထွက်ပေါ်လာမယ်လို့ဆိုထားပါတယ်။ ဒါ့အပြင် A19 Chip ကိုအသုံးပြုဖို့အတွက် အတည်ပြုထားပြီးပြီလို့လည်း ဆိုပါတယ်။



သူ့မှာ 48MP ရှိတဲ့ကင်မရာ၊ အလူမီနီယံပေါင်၊ ၆ ဒသမ ၆ လက်မ မျက်နှာပြင်တို့ပါရှိမှာဖြစ်ပြီး ဒီဇိုင်းပိုင်းမှာဆိုရင်လည်း လုံးဝကိုကွဲပြားခြားနားတဲ့ ပုံစံနဲ့ထွက်ပေါ်လာမှာဖြစ်ပြီး iPhone Plus မော်ဒယ်နေရာမှာ အစားထိုးသွားမှာဖြစ်တယ်လို့ ခိုင်မာတဲ့သတင်းအရင်းအမြစ်ကပြောထားတာတွေ့ရပါတယ်။

**Ref: GA**

**K.H**

# အင်ဒိုနီးရှားနိုင်ငံ၏ ရှစ်ဦးမြောက်သမ္မတအဖြစ် ပရာဘိုဝိုကျမ်းသစ္စာကျိန်ဆို ပြည်သူများအနေဖြင့် စိန်ခေါ်မှုများကို ရဲဝံ့စွာရင်ဆိုင်ရန်တိုက်တွန်း

**ဂျကာတာ၊ ပြည်တွင်းရေး**

ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သည့် ပရာဘိုဝိုဆူဘီယန်တိုက အင်ဒိုနီးရှားနိုင်ငံ၏ ရှစ်ဦးမြောက်သမ္မတအဖြစ် အောက်တိုဘာလ ၂၀ ရက်တွင် လွှတ်တော်၌ ကျမ်းသစ္စာကျိန်ဆိုကြောင်းသိရသည်။ ၎င်းနှင့်အတူ ဒုတိယသမ္မတဂီဘရန်ရာကာဘူမင်းရာကာကလည်း ကျမ်းသစ္စာကျိန်ဆိုသည်။

ထို့နောက် သမ္မတအဖြစ် ပထမဆုံး မိန့်ခွန်းပြောရာ၌ ပရာဘိုဝိုက ၎င်းသည် နိုင်ငံသားအားလုံးအတွက် အလုပ်လုပ်သွားမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် စိန်ခေါ်မှုများ၊ အတားအဆီးများ၊ အန္တရာယ်များကို ရဲဝံ့စွာရင်ဆိုင်ရဲသည့်နိုင်ငံဖြစ်လာစေရန် ဦးဆောင်သွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများကိုလည်း ထိုသို့ရင်ဆိုင်နိုင်ရန် တိုက်တွန်းကြောင်းပြောထားသည်။

ထို့ပြင် ယခင်သမ္မတ ဂျိုကိုဝီဒိုဒိုချမှတ်ခဲ့သော မူဝါဒလမ်းစဉ်များအတိုင်း ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်းနှင့်တိုင်းပြည်အတွက် စားနပ်ရိက္ခာဖူလုံမှုရှိအောင် ဖန်တီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မိနစ် ၅၀ ကြာမိန့်ခွန်းတွင် ပရာဘိုဝိုကပြောသည်။

ထိုကျမ်းသစ္စာကျိန်ဆိုပွဲသို့ စင်ကာပူဝန်ကြီးချုပ်၊ မလေးရှားဝန်ကြီးချုပ်၊ ဘရူနိုင်းဆူတန်၊ ဖိလစ်ပိုင်သမ္မတ၊ တရုတ်ဒုတိယသမ္မတ၊တောင်ကိုရီးယားဝန်ကြီးချုပ်နှင့် ရုရှားဒုတိယဝန်ကြီးချုပ်တို့အပါအဝင် နိုင်ငံတကာမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ အယောက် ၃၀ ကျော် တက်ရောက်ကြောင်းသိရသည်။

**Ref: Xinhua, TST**



# သုံးနာရီကြာမိုးသည်းထန်စွာရွာပြီးနောက် အူထိုင်းထာနီ၌ ရုတ်တရက်ရေကြီး

**ဘန်ကောက်၊ သဘာဝဘေး**

ထိုင်းနိုင်ငံ၌ အောက်တိုဘာလ ၁၉ ရက် ညပိုင်းတွင် သုံးနာရီကြာမိုးသည်းထန်စွာရွာသွန်းပြီးနောက် အူထိုင်းထာပြည်နယ်၌ ရုတ်တရက်ရေကြီးမှုဖြစ်ပွားကြောင်းနှင့် ဘန်ရိုင်းမြို့တစ်မြို့လုံးတွင် အမြင့် ၁ မီတာအထိ ရေလွှမ်းမိုးမှုဖြစ်ပွားကြောင်း သိရသည်။

ညပိုင်း၌ ရေကြီးမှုဖြစ်ပွားသည့်အပြင် ရေတက်သည်မှာလည်း မြန်ဆန်လွန်းသောကြောင့် ဒေသခံများအနေဖြင့် ဘေးလွတ်ရာသို့ အချိန်နှင့်တစ်ပြေးညီ ထွက်ပြေးနိုင်ခြင်းမရှိကြောင်း တာဝန်ရှိသူများကပြောသည်။

ထိုဒေသသည် တောင်တန်းဒေသဖြစ်သည့်အတွက် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တောင်ကျရေများက အရှိန်နှင့်စီးဆင်းလာခြင်းဖြစ်ကာ အိမ်ခြေများစွာ ပျက်စီးမှုဖြစ်ပွားသည်။

ထို့ပြင် ဆမွတ်ပရာကန်ပြည်နယ်၌ အောက်တိုဘာလ ၂၀ ရက် နံနက်ပိုင်းတွင် ပင်လယ်ဒီရေမြင့်တက်လာသည့်အတွက် လမ်းမများစွာ ရေလွှမ်းမိုးခံရကာ အချို့နေရာများတွင်ရေအနက်သုံးပေနီးပါးအထိ ရှိကြောင်းနှင့် ထိုသို့ဒီရေတက်ခြင်းသည် နောက်ထပ်ရက်အနည်းငယ်အထိ ကြာမြင့်နေဦးမည်ဖြစ်ကြောင်း တာဝန်ရှိများကပြောထားသည်။

**Ref: NT**




# ရေလွှမ်းမိုးမှုများက ဘင်္ဂလားဒေ့ရှ်၌ ဆန်တန်ချိန်တစ်သန်းကျော်ကိုဖျက်ဆီး

**ဒါကာ၊ ပြည်တွင်းရေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဖြစ်ပွားသော ရေလွှမ်းမိုးမှုများက ဆန်တန်ချိန်တစ်သန်းကျော်ကို ဖျက်ဆီးသွားကြောင်းနှင့် နိုင်ငံအနေဖြင့် ဆန်များကို တိုးမြှင့်တင်သွင်းရတော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ဩဂုတ်လနှင့်အောက်တိုဘာလအတွင်း မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှု၊ မြစ်ရေကြီးမှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ရခြင်းဖြစ်ပြီး အနည်းဆုံးလူ ၇၅ ဦးကို သေဆုံးစေကာ လူသန်းပေါင်းများစွာအပေါ် သက်ရောက်မှုရှိစေကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ပြည်သူများစားနပ်ရိက္ခာဖူလုံရေးအတွက် အစိုးရက ပြည်ပမှ ဆန်တန်ချိန် ငါးသိန်းကို အမြန်ဆုံးတင်သွင်းသွားမည်ဖြစ်ပြီး ပုဂ္ဂလိကကုမ္ပဏီများကို လုပ်ကိုင်ခွင့်ချပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနကပြောသည်။

ရေလွှမ်းမိုးမှုများသည် ဆန်စပါးကိုသာမက သီးနှံတန်ချိန်နှစ်သိန်းကျော်အပါအဝင် အခြားစိုက်ပျိုးရေးထုတ်ကုန်များစွာကိုလည်း ပျက်စီးစေသောကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် တစ်နိုင်ငံလုံး၏ဆုံးရှုံးမှုမှာ တာကာ ၄၅ ဘီလီယံဝန်းကျင်ရှိသည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လူဦးရေသန်း ၁၇၀ အတွက် နှစ်စဉ် ဆန်တန်ချိန်သန်း ၄၀ နီးပါးလိုအပ်ကြောင်း သိရသည်။

**Ref: BP**

## သတင်းတိုကဏ္ဍ

# တောင်ကိုရီးယားက နျူကလီးယားလက်နက်များကို လိုအပ်နေပြီဟု ဆိုးမြို့တော်ဝန်ပြော

တောင်ကိုရီးယားနိုင်ငံသည် နျူကလီးယားလက်နက်များကို လိုအပ်နေပြီဖြစ်ကြောင်း ဆိုးမြို့တော်ဝန် အိုဆီဟွန်းက ပြောသည်။

မြောက်ကိုရီးယားအစိုးရက ဆိုးမြို့ကို အကြိမ်ကြိမ်ခြိမ်းခြောက်နေမှုအပေါ် များစွာဒေါသထွက်ရကာ အလိုမကျကြောင်း၊ ထို့ကြောင့် မြောက်ကိုရီးယားနိုင်ငံ၏ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရေးအတွက် နျူကလီးယားလက်နက်များ လိုအပ်နေပြီဖြစ်ကြောင်း အိုဆီဟွန်းက ပြောသည်။

မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားလက်နက်များကိုပိုင်ဆိုင်ထားပြီဖြစ်သည့်အတွက် ထိုကဲ့သို့ခြိမ်းခြောက်မှုများကိုလုပ်နိုင်နေခြင်းဖြစ်ကြောင်း၊ တောင်ကိုရီးယားတွင် အလားတူလက်နက်များ မရှိသည့်အတွက် အချိုးမညီသောအခြေအနေကိုဖြစ်ပေါ်စေကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးကို ခိုင်မာတောင့်တင်းလာအောင်လုပ်ဆောင်ခြင်းအားဖြင့်သာ ငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ထို့ကြောင့် နိုင်ငံ၏နျူကလီးယားအဟန့်အတားစွမ်းရည်ကို ချက်ချင်းတိုးမြှင့်ရမည်ဖြစ်ကြောင်း အိုဆီဟွန်းကပြောထားသည်ဟု သိရသည်။

**Ref: RT**

# ဂါဇာရှိ လူနေရပ်ကွက်အပေါ် အစ္စရေး၏ဗုံးကြဲမှု သေဆုံးသူ ၈၇ ဦးအထိရှိလာ

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ လူနေရပ်ကွက်တစ်ခုအပေါ် အစ္စရေးက အောက်တိုဘာလ ၁၉ ရက် ညပိုင်းတွင် ဗုံးကြဲတိုက်ခိုက်မှုလုပ်ဆောင်ရာ သေဆုံးသူပါလက်စတိုင်းပြည်သူ ၈၇ ဦးအထိရှိလာပြီဖြစ်ကြောင်း ဂါဇာကျန်းမာရေးတာဝန်ရှိသူများက အောက်တိုဘာလ ၂၀ ရက်တွင်ပြောသည်။

ထို့ပြင် အစ္စရေး၏ဗုံးကြဲမှုများကြောင့် ဒဏ်ရာရရှိသူ အယောက် ၄၀ ကျော်ရှိရာ အများစုမှာစိုးရိမ်ရသည့်အနေအထားရှိကြောင်း တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

အလားတူ အစ္စရေး၏ဗုံးကြဲတိုက်ခိုက်မှုများကြောင့် အဆိုပါလူနေရပ်ကွက်တစ်ခုလုံးမှာ ရစရာမရှိအောင်ပျက်စီးသွားပြီဖြစ်ကြောင်း ပါလက်စတိုင်းလုံခြုံရေးသတင်းအရင်းအမြစ်များကပြောသည်။

အစ္စရေးလေတပ်အနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဂါဇာကမ်းမြောင်ဒေသနှင့် လက်ဘနွန်တို့ရှိ ပစ်မှတ်ပေါင်း ၁၇၅ ခုခန့်အပေါ် တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်ကထုတ်ပြန်ထားသည်။

**Ref: Xinhua**

# မြေရှားဒြပ်စင်၊ ရေနှင့် AI တို့ကြောင့် အနာဂတ်တွင် ကမ္ဘာ့ပဋိပက္ခများကိုဖြစ်စေမည်ဟုဆို

မြေရှားဒြပ်စင်၊ ရေနှင့် AI နည်းပညာတို့ကြောင့် အနာဂတ်တွင် ကမ္ဘာတစ်ဝန်း၌ ပဋိပက္ခများကိုဖြစ်စေမည်ဖြစ်ကြောင်း အီတလီကာကွယ်ရေးဝန်ကြီး ဂွီဒိုခရိုဆက်တိုက သတိပေးထားသည်။

လာမည့်နှစ်များတွင် မြေရှားဒြပ်စင် သတ္တုသိုက်များ၊ လီသီယံဒြပ်စင်တို့ရရှိရေးကိုအကြောင်းပြု၍ စစ်ပွဲများဖြစ်ပွားလာမည်ဖြစ်ကြောင်း G-7 ကာကွယ်ရေးဝန်ကြီးများအစည်းအဝေး၌ ဂွီဒိုခရိုဆက်တိုကပြောခြင်းဖြစ်သည်။

ထို့ပြင် ရေအရင်းအမြစ်ကိုရရှိပိုင်ဆိုင်လိုမှုနှင့် စွမ်းအင်ထုတ်လုပ်မှုတို့နှင့် ပတ်သက်၍လည်း စစ်ပွဲများဖြစ်ပွားလာနိုင်ကြောင်း ၎င်းကဆက်ပြောသည်။

အလားတူ ကမ္ဘာကြီးကိုအုပ်စိုးလိုသူများအတွက် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လာမည့်အရာမှာ ဉာဏ်ရည်တု (AI) နည်းပညာဖြစ်ကြောင်း ၎င်းကပြောထားသည်။

မြေရှားဒြပ်စင်များသည် ယနေ့ခေတ်လျှပ်စစ်ပစ္စည်းအသုံးအဆောင်များတွင် မပါမဖြစ်အသုံးပြုနေရသည့်အရာများဖြစ်ကြောင်းသိရသည်။ **Ref: Sputnik**

# အီရန်က အမေရိကန်ကို အစ္စရေး၏ကြံ့ရာပါအဖြစ်သတ်မှတ်မည်

အစ္စရေးက အီရန်နိုင်ငံအပေါ်လက်တုံ့ပြန်တိုက်ခိုက်မှုများလုပ်ဆောင်လာပါက အမေရိကန်ကို အစ္စရေး၏ကြံ့ရာပါအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက သတိပေးလိုက်သည်။

အစ္စရေးအနေဖြင့် အီရန်နိုင်ငံအပေါ် ပစ်မှတ်ထားနေသည်ကို အမေရိကန်က သိရှိကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်ကအတည်ပြုပြီးနောက် အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်အာရက်ချီက ယခုကဲ့သို့သတိပေးခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံက အီရန်နိုင်ငံကို တိုက်ခိုက်နိုင်ရေးအတွက် ပြင်ဆင်မှုများလုပ်နေသည်ဟူသော အထူးထိပ်တန်းလျှို့ဝှက်အဆင့်ရှိ ထောက်လှမ်းရေးသတင်းပေါက်ကြားပြီးနောက်အမေရိကန်က အဆိုပါပေါက်ကြားမှုကိုဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေသည်။ အီရန်က အောက်တိုဘာလ ၁ ရက်တွင် အစ္စရေးကိုဒုံးကျည်အမြောက်အမြားဖြင့် ပစ်ခတ်ထားကြောင်းသိရသည်။

**Ref: RT**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာလ ၂၀ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ ၃ ဒသမ ၅၀ ပေ ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့်နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ သုည ဒသမ ၂၀ ပေတိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး(၁၆) ချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၂၀.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၀.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၀၀၇၅ | ၆၂၆.၈၉ | ၅၆၄၄၂၉ | ၁၅၅၅၀ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၅၀ | ၃၆၃၀ | - | ၆၂၆.၆၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၈ | ၆၂၆.၇၅ | ၂၇၉၄၂ | - | ၈.၂၅ | ၈၅၅၈ | - | - | - | ၆၂၆.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၃ | ၅၁၈.၇၀ | ၈၈၂၂၁ | ၂၇၁ | ၁.၃၀ | ၃၅၄၉ | - | - | - | ၅၁၈.၇၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၀၅ | ၁၀၂၁၉ | ၇ | ၂.၉၅ | ၂၀၃၈ | - | - | - | ၅၀၉.၁၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၅၀ | ၄၃၇.၈၀ | ၆၉၄၀၀ | ၂၈၄ | ၁.၂၀ | ၃၆၀၀ | - | - | - | ၄၃၇.၈၅ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၀ | ၅၃၄.၅၁ | ၇၃၀၃၀ | ၁၂၀ | ၀.၄၉ | ၁၉၇၀ | - | - | - | ၅၃၄.၅၄ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၉၂ | ၇၅၄၃ | ၁၁ | ၂.၀၈ | ၁၁၇၅ | - | - | - | ၄၁၅.၉၆ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၇ | ၇၀၃.၄၇ | ၁၀၇၂၆၀ | ၉၅ | ၆.၅၃ | ၃၅၈၃၀ | - | - | - | ၇၀၃.၄၉ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၀၂ | ၆၀၁.၈၅ | ၄၉၃ | ၅၁ | ၀.၁၅ | ၇ | - | - | - | ၆၀၁.၈၉ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၉ | ၈၆၃.၅၀ | ၁၀၀၄၃ | ၂၈ | ၆.၅၀ | ၄၄၅၇ | - | - | - | ၈၆၃.၅၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၆) ချပ်ထောင်ထားပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် အောက်တိုဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်သည်။

**အောက်တိုဘာလ ၁၆ ရက်**တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၂၃၈၇၈၅) ကိုလည်းကောင်း၊ **အောက်တိုဘာလ ၁၈ ရက်**တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၄၃၁၈၇၈၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **အောက်တိုဘာလ ၁၉ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ယာဉ်ရပ်နားဝင်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၂၀ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး စုစုပေါင်း**(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၁၉ ဒသမ ၀၉၅)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၄၃၀၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာလ ၁၆ ရက်၊ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၅၂၃၀၈၉)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

**(သတင်းစဉ်)**

# ဇမ္ဗူသီရိမြို့နယ်အတွင်း အမှုထမ်းအိမ်ရာများနှင့် အပျိုဆောင်/လူပျိုဆောင် ဆောက်လုပ်ရေး လုပ်ငန်းခွင်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် အမှုထမ်းအိမ်ရာများနှင့် အပျိုဆောင်/လူပျိုဆောင်ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်အတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် ၂၂ ပေ x ၄၄ ပေ သံကူကွန်ကရစ်နှစ်ထပ်အဆောက်အအုံအပျိုဆောင်နှစ်လုံးတည်ဆောက်နေမှု အခြေအနေများနှင့် ၂၂ ပေ x ၄၄ ပေ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံ လူပျိုဆောင်တစ်လုံး တည်ဆောက်နေမှု အခြေအနေများ၊ ဥဏ္ဏသိဒ္ဓိရပ်ကွက်အတွင်း အမှုထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ် (2-Bed) သံကူကွန်ကရစ် အဆောက်အအုံကိုးလုံး တည်ဆောက်နေမှုအခြေအနေများ၊ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် သုခတော်ဝင်အိမ်ရာစီမံကိန်းအပိုင်း(၂) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရေရှည်ခိုင်ခံ့ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီရုံးဝင်းအတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် အမှုထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ် သံကူကွန်ကရစ် အဆောက်အအုံတစ်လုံး တည်ဆောက်နေမှု အခြေအနေများနှင့် ၂၂ ပေ x ၄၄ ပေ သံကူကွန်ကရစ်နှစ်ထပ်



အဆောက်အအုံ အပျိုဆောင်တစ်လုံး တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ စီပါကျေးရွာမှ ပြည်သူ ၆ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်ရက်စက်စက်သတ်ဖြတ်သည်ဟု မဟုတ်မမှန်လုပ်ကြံဝါဒ ဖြန့်ချိလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ စီပါကျေးရွာမှ ပြည်သူ ၆ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်ရက်စက်စက်သတ်ဖြတ်သွားခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများမှ မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ချိမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စိစစ်ချက်များအရ ဖြစ်စဉ်အမှန်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ စီပါကျေးရွာတွင် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ရောက်ရှိနေကြောင်းလျက်ရှိကြောင်း တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ အောက်တိုဘာလ ၁၇ ရက် နံနက် ၉ နာရီခန့်တွင် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ကျေးရွာအတွင်းရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ နေထိုင်လျက်ရှိသည်ဆိုသည့်နေအိမ်များအား သွားရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် စီပါကျေးရွာ၏အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း ထပ်မံသိရှိရသဖြင့် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ခေတ္တတိမ်းရှောင်ဆုတ်ခွာထွက်ပြေးသွားသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ စီပါကျေးရွာမှထွက်ခွာသွားပြီးနောက် အောက်တိုဘာလ ၁၈ ရက်တွင် စီပါကျေးရွာသို့ဝင်ရောက်လာခဲ့ပြီး ကျေးရွာအတွင်း နေထိုင်လျက်ရှိသောပြည်သူများအား စစ်ဆေးမေးမြန်းမှုများပြုလုပ်ကာ အရပ်သားပြည်သူ ၆ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များကိုသတင်းပေးသည်ဟု စွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများအား ၎င်းတို့နေအိမ်ခြံစည်းရိုးများ၊ နေအိမ်အတွင်း မြေကွက်လပ်များတွင်ထားရှိကာ နောက်အခါတွင် စစ်ကြောင်းများကိုသတင်းပေးပို့သူများအား ထိုကဲ့သို့အပြစ်ပေး၊ အရေးယူကာ သေဒဏ်အဖြစ်သတ်မှတ်ခြင်းခံရမည်ဟု ခြိမ်းခြောက်ပြောကြားကာ ကျေးရွာမှပြန်လည်ထွက်ခွာ




သွားခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ PDF အမည်ခံအကြမ်းဖက်သမားများက ပြည်သူလူထုအပေါ် ရက်စက်ယုတ်မာပြီး လူမဆန်သည့်အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခဲ့မှုကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များကလုပ်ဆောင်ခဲ့သည်ဟု ပြည်သူလူထုအထင်အမြင်လွဲမှားစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ ယခုကဲ့သို့မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၂၆၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာလ ၂၁ ရက်မှ ၂၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၂၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ၂၀၂၄ ခုနှစ် အောက်တိုဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၂ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ ၆ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ၂ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၃ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၃ ပေခွဲခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

# ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ဇီးကုန်း အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သစ်စင်တောင်စုကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၂၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သစ်စင်တောင်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းမြေသားတင်ခြင်းလုပ်ငန်း၊ မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဇီးကုန်းမြို့နယ် သစ်စင်တောင်စုကျေးရွာ၌ အရှည်ပေ ၃၅၀၀၊ အကျယ် ၁၂ ပေရှိသောလမ်းတွင် အမြင့် ၂ ပေရှိသော မြေသားတင်ခြင်းလုပ်ငန်းနှင့်အမြင့် ၉ လက်မရှိသော မြေနီခင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၉၂ ဒသမ ၅၄ သန်းဖြင့် ဟိန်းမေတ္တာစံကုမ္ပဏီမှ တာဝန်ယူ၍ ဇွန်လ ၁၃ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုနိုင်(ကျေးလက်)**



# ကန့်ဘလူမြို့၌ စားအုန်းဆီများ ဈေးနှုန်းသက်သာစွာရောင်းချပေး

**ကန့်ဘလူ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် ရပ်ကွက်နေပြည်သူများအား စားအုန်းဆီများဈေးနှုန်းသက်သာစွာရောင်းချပေးခြင်းကို မြို့နယ်ဌာနဆိုင်ရာများနှင့် ဆီလုပ်ငန်းရှင်များပူးပေါင်းကာ အောက်တိုဘာလ ၂၀ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့ အမှတ်( ၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့ ကျွန်းရွှေဝါလမ်း၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် ပြည်သူများ သက်သာသောနှုန်းဖြင့် ဝယ်ယူနိုင်စေရန် လူတစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားကို လက်ဝယ်အရောက် ရောင်းချပေးခြင်းဖြစ်သည်။



အဆိုပါစားအုန်းဆီများကို အမှတ်( ၁) ရပ်ကွက်နှင့် အမှတ်(၅) ရပ်ကွက်တို့၌ ရောင်းချပေးပြီး ကျန်ရပ်ကွက်များတွင်လည်း ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မိုင်းရှူးမြို့နယ်၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**မိုင်းရှူး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နမ့်ဖတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာလ ၂၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမင်းဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ နမ့်ဖတ်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ကို အသုံးပြုကာ မြို့နယ်ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ်စက်တင်ဘာလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

**လျှပ်စစ်မီတာခသက်သာဖို့ LED ပစ္စည်းသုံးကြစို့။**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄


(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆


၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၀-၁၀-၂၀၂၄ ရက်နေ့
မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့်
၂၂-၁၀-၂၀၂၄ မှ ၂၃-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၀-၁၀-၂၀၂၄ ရက်နေ့
မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့်
၂၄-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**➪ အထူးမိုးလေဝသ သတင်းမှ**

အဆိုပါလေဖိအားနည်းဆဲလ်နှင့် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာလ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့်လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။**(မိုး/ဇလ)**

# MFF Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစား

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Royal–D U–19 Futsal Championship 2024 ပြိုင်ပွဲ၏ ရှုံးထွက်ပွဲစဉ်များကို ယနေ့နံနက် ၁၀ နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium ၌ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

MFF Royal–D U–19 Futsal Champion–ship 2024 ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် ယနေ့နံနက် ၁၀ နာရီတွင် Shadows FC အသင်းနှင့် D. Aung Paing FC အသင်းတို့ကစားခဲ့ရာ Shadows FC အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် Hinthar FC အသင်းနှင့် 16/1 Youth အသင်းတို့ကစားခဲ့ရာ Hinthar FC အသင်းက ၇ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီတွင် Golden Heart FC အသင်းနှင့် Gold Dream FC အသင်းတို့ကစားခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် Gold Dream FC အသင်းက ၆ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် Bushido Youth အသင်းနှင့် The Underdog FC အသင်းတို့ ကစားခဲ့ရာ Bushido Youth အသင်းက ၆ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

MFF Royal–D U–19 Futsal Champion–ship 2024 ပြိုင်ပွဲဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအပြီး ကွာတားဖိုင်နယ်အဆင့်သို့ Yangon Futsal အသင်း၊ Generations Youth အသင်း၊ Naka United အသင်း၊ YCDC Marga FC အသင်း၊ Shadows FC အသင်း၊ Hinthar FC အသင်း၊ Gold Dream FC အသင်း၊ Bushido Youth အသင်းတို့ အသီးသီးတက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။

**စည်သူအောင်**

# AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များ ဆက်လက်ကျင်းပ

မန္တလေး အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့်ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ ဘက်စုံသုံးအားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီတွင် MNN အသင်းနှင့် BTB အသင်းတို့ကစားခဲ့ရာ BTB အသင်းက ၅ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် Pyae Sone အသင်းနှင့် KH အသင်းတို့ကစားခဲ့ရာ Pyae Sone အသင်းက ၃ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် Black Wolves အသင်းနှင့် TG United အသင်းတို့ကစားခဲ့ရာ TG United အသင်းက ၈ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Arr Man အသင်းနှင့် Mogyo အသင်းတို့ကစားခဲ့ရာ Arr Man အသင်းက ၈ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် 135 Family အသင်းနှင့် AKS အသင်းတို့ကစားခဲ့ရာ 135 Family အသင်းက ၃ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

**စည်သူအောင်**

**◆ ကျောဖုံးမှအဆက်**

မြဝတီအက်ဖ်စီအသင်းအတွက် ချေပဂိုးများပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း လင်းထက်ဦးက သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် သစ္စာအားမာန်အသင်းက ၃ ဂိုး ၂ ဂိုးဖြင့်ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း အပြန်အလှန်ဖိအားပေးမှုများဖြင့်အကြိတ်အနယ်ရှိခဲ့ကာ မင်းမော်ဦးက သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး စောအောင်မျိုးထွန်းက မြဝတီအက်ဖ်စီအသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် သစ္စာအားမာန်အသင်းက မြဝတီအက်ဖ်စီအသင်းကို ၄ ဂိုး ၃ ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ အဆိုပါပွဲစဉ်၏အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်းမှ မင်းမော်ဦးက ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။




**ပျောက်ဆုံးကြောင်း**
မအေးနန်း(ဘ)ဦးအိုက်ရီ ၉/မမန(နိုင်)၀၀၀၁၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၀၈၇၇၄၂၉

**ပျောက်ဆုံးကြောင်း**
ထက်ထက်ဝင်း(ဘ)ဦးဝင်းဗိုလ် ၁၂/တတန (နိုင်)၂၄၆၄၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 845354)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၅၉၉၃၄၅

**ပျောက်ဆုံးကြောင်း**
တင်တင်ဌေး(ဘ)ဦးဇော်ဝင်း ၈/အလန (နိုင်)၁၉၀၃၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# မန်စီးတီးအသင်းက ဒီဘရိုင်း၏နေရာ၌ လေဗာကူဆင်အသင်းမှ လူငယ်ကစားသမား ဖလိုရီယန်ဝက်ဇ်နှင့်အစားထိုးရန် ပြင်ဆင်လျက်ရှိ



မန်ချက်စတာ အောက်တိုဘာ ၂၀

မန်စီးတီးအသင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာဖွယ်ရှိနေသည့် ကွင်းလယ်ကစားသမား ဒီဘရိုင်း၏နေရာ၌ လေဗာကူဆင်အသင်းမှ လူငယ်ကစားသမား ဖလိုရီယန်ဝက်ဇ်နှင့် အစားထိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ဒီဘရိုင်းသည် ၂၀၁၅ ခုနှစ်က ဝုဖ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်း ခြေစွမ်းပြကစားနိုင်ခဲ့ကာ မန်စီးတီးအသင်း၏ အဓိကကွင်းလယ်ကစားသမားအဖြစ် ကာလရှည်ရပ်တည်နိုင်ခဲ့ပြီး ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ အကောင်းဆုံးကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ဒီဘရိုင်းသည် မန်စီးတီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ဖလားနှင့် ချန်ပီယံလိဂ်ဖလားအပါအဝင် ဆုများစွာဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သည့်အပြင် ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအပါအဝင် တစ်ဦးချင်းဆုများကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

သို့သော် ဒီဘရိုင်းသည် နောက်ပိုင်းဘောလုံးရာသီများတွင် ဒဏ်ရာပြဿနာများကြောင့် မကြာခဏအနားယူနေရပြီး ခြေစွမ်းပိုင်းလည်း ကျဆင်းလာသည့်အတွက် မန်စီးတီးအသင်းက ယခုဘောလုံးရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ဖွယ်ရှိနေကာ ၎င်း၏နေရာ၌ ဖလိုရီယန်ဝက်ဇ်နှင့်အစားထိုးလိုနေခြင်းဖြစ်သည်။

ဖလိုရီယန်ဝက်ဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က လေဗာကူဆင်အသင်း ရှုံးပွဲမရှိစံချိန်ဖြင့် ဂျာမန်ဘွန်ဒက်စ်လီဂါဖလား ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်သည့်အတွက် ၎င်းကို မန်စီးတီးအသင်းအပြင် ဘိုင်ယန်မြူးနစ်အသင်းကလည်း ခေါ်ယူရန် ပစ်မှတ်ထားနေသည်။ ထို့ကြောင့် မန်စီးတီးအသင်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် အပြိုင်ကမ်းလှမ်းရဖွယ်ရှိနေပြီး လေဗာကူဆင်အသင်းက ဖလိုရီယန်ဝက်ဇ်ကို လက်မလွှတ်လိုသော်လည်း အသင်းနှင့်စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့သည့်အတွက် အသင်းတွင် ထိန်းသိမ်းထားရန် ခက်ခဲဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Goal.com*

# ဆလီဘာ၏အနီကတ်ပြစ်ဒဏ်ကြောင့် အာဆင်နယ်အသင်းခံစစ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်လာ

လန်ဒန် အောက်တိုဘာ ၂၀

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ်ကစားသည့် ဘုန်းမောက်စ်အသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်တွင် အာဆင်နယ်အသင်း အဓိကခံစစ်ကစားသမား ဆလီဘာ တိုက်ရိုက်အနီကတ်ပြသခံရခြင်းကြောင့် အာဆင်နယ်အသင်းခံစစ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်လာကြောင်း သိရသည်။

ဘုန်းမောက်စ်အသင်းက အာဆင်နယ်အသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသည့်ပွဲစဉ်၌ ဆလီဘာအနေဖြင့် ပွဲချိန် မိနစ် ၃၀ တွင် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရသည့်အတွက် အာဆင်နယ်အသင်းခံစစ်ပိုင်းတွင်လည်း လိုအပ်ချက်များစွာရှိလာပြီး ပွဲစဉ်အပြီးတွင် ၂ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အဓိက ကစားသမားအများးစု ဒဏ်ရာကြောင့် လက်လွှတ်ထားရသည့် အာဆင်နယ်အသင်းအနေဖြင့် ဆလီဘာကိုပါ အနီကတ်ပြစ်ဒဏ်ကြောင့် လက်လွှတ်ရမည်ဖြစ်၍ လာမည့် အဓိကပွဲစဉ်အဖြစ် ကစားရမည့် လီဗာပူးအသင်းနှင့်ပွဲစဉ်အတွက် ခက်ခဲဖွယ်ရှိနေသည်။

သို့သော် အာဆင်နယ်အသင်းက ဆလီဘာ၏ အနီကတ်ပြစ်ဒဏ်အတွက် အယူခံဝင်ရောက်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

*Ref;Fotmob*

# ပွဲထွက်ကစားခွင့်နည်းပါးမှုကြောင့် ယခုဘောလုံးရာသီအကုန်တွင် ချယ်လ်ဆီးအသင်းမှထွက်ခွာရန် တိုက်စစ်ကစားသမား အန်ကူကူစဉ်းစားနေ

လန်ဒန် အောက်တိုဘာ ၂၀

ချယ်လ်ဆီးအသင်း တိုက်စစ်ကစားသမား အန်ကူကူက အသင်းတွင် ပွဲထွက်ကစားခွင့်နည်းပါးမှုကြောင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် စဉ်းစားနေကြောင်း သိရသည်။

ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လိုက်ပဇစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ပြောင်းရွှေ့ကစားခဲ့သည့် အန်ကူကူသည် အသင်းတွင် ပထမဆုံးဘောလုံးရာသီက ဒဏ်ရာပြဿနာများကြောင့် မကြာခဏအနားယူနေရသည့်အတွက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၄ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ယခုဘောလုံးရာသီတွင် ဒဏ်ရာမရှိသော်လည်း ပွဲထွက်ခွင့်နည်းပါးနေသည့်အတွက် အန်ကူကူက အသင်းမှထွက်ခွာရန်စဉ်းစားနေခြင်းဖြစ်သည်။

လက်ရှိ ချယ်လ်ဆီးအသင်းတိုက်စစ်ပိုင်းတွင် အန်ကူကူအပါအဝင် ကစားသမား ၁၁ ဦးအထိရှိနေသည့်အတွက် မာရက်ဇ်ကာက အသင်းတိုက်စစ်ပိုင်းတွင် ကစားသမားများကို အလှည့်ကျအသုံးပြုနေသော်လည်း ဂျက်ဆင်ကို ပထမဦးစားပေးကစားသမားအဖြစ် အသုံးပြုနေသည့်အတွက် အန်ကူကူအနေဖြင့် ပွဲစဉ်အများစုတွင် လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်နေရခြင်းဖြစ်သည်။

အန်ကူကူသည် ယခုဘောလုံးရာသီ၌ ပြိုင်ပွဲစုံ ၁၁ ပွဲတွင် ငါးပွဲသာပွဲထွက်ကစားခွင့်ရရှိခဲ့ကာ ကျန်ပွဲစဉ်များတွင် လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်နေရသည့်အတွက် အသင်းမှထွက်ခွာရန် စဉ်းစားနေခြင်းဖြစ်ပြီး ၎င်းကို လိုက်ပဇစ်အသင်းတွင် ရှိစဉ်ကတည်းက ခေါ်ယူရန်ပစ်မှတ်ထားနေသည့် ပီအက်စ်ဂျီအသင်းက စောင့်ကြည့်နေကြောင်း သိရသည်။

*Ref;Football Insider*

# ခံစစ်ကစားသမားလိုအပ်ချက်များကြောင့် ဗာနန်ဒက်စ်ကို ပြန်လည်ခေါ်ယူနိုင်သည်ဟု မန်ယူအသင်းနည်းပြတန်ဟတ်အတည်ပြု

မန်ချက်စတာ အောက်တိုဘာ ၂၀

မန်ယူအသင်းနည်းပြတန်ဟတ်က အသင်း၌ ခံစစ်ကစားသမားလိုအပ်ချက်များကြောင့် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် လူငယ်ခံစစ်ကစားသမား ဗာနန်ဒက်စ်ကို ပြန်လည်ခေါ်ယူနိုင်သည်ဟု အတည်ပြုပြောကြားခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ခံစစ်ကစားသမားများ ဒဏ်ရာရရှိခဲ့မှုကြောင့် အသင်းခံစစ်ပိုင်းတွင် ရုန်းကန်မှုများရှိခဲ့သည့်အတွက် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အသင်းခံစစ်ပိုင်းကို သေချာပြင်ဆင်ကာ ဘိုင်ယန်မြူးနစ်အသင်းမှ မာဇရာဝီ၊ ဒီလစ်၊ လိုင်လီအသင်းမှ ရိုယိုတို့ကို ခေါ်ယူအင်အားဖြည့်တင်းထားသော်လည်း ယခုဘောလုံးရာသီတွင် အသင်းခံစစ်ပိုင်း၌ ကစားသမားအများစု ဒဏ်ရာပြဿနာနှင့် ထပ်မံတွေ့ကြုံနေရပြီး ရုန်းကန်ရလျက်ရှိသည်။

လက်ရှိ မန်ယူအသင်းခံစစ်ပိုင်းတွင် မက်ဂွိုင်ယာ၊ လုရှော၊ ရိုယိုတို့ ဒဏ်ရာကြောင့် အနားယူနေခဲ့ရပြီး တောင်ပံခံစစ်ကစားသမား မာဇရာဝီသည်လည်း ဒဏ်ရာကြောင့် အနားယူနေခဲ့ရသဖြင့် မန်ယူအသင်း ခံစစ်ပိုင်းအတွက် လိုအပ်ချက်များရှိနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လူငယ်ခံစစ်ကစားသမား ဗာနန်ဒက်စ်ကို ဘင်ဖီကာအသင်းထံ အပြီးသတ်ရောင်းချခဲ့ခြင်းဖြစ်သော်လည်း ရောင်းချစဉ်ကတည်းက ပြန်လည်ခေါ်ယူခွင့်စာချုပ် ချုပ်ဆိုထားသည့်အတွက် မန်ယူအသင်းက ပြန်လည်ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*



# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

**(ယမန်နေ့မှအဆက်)**

**မ** ၏ တိုင်သံတစ်ခုမှာ မက် ဖြစ်သည်။ မက်၏အနက်လည်း ပေါင်းစည်းပင်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် "မက်၊ ကြိ-၁၊ တပ်မက်သည်။ စွဲလမ်းသည်။ တွယ်တာသည်။ ၂။ လှေကို ကမ်းနှင့် ကပ်အောင်ပွဲ့သည်။ ၃၊ ဆင်ကို ဝပ်စေသည်"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။

ဤတွင် တပ်မက်သည်၊ စွဲလမ်းသည်၊ တွယ်တာသည် တို့၏ အနက်မှာ ပေါင်းစည်းခြင်းဖြစ်သည်။ **စုံမက်၊ စွဲမက်၊ မက်မော** စသည်တို့လည်း အနက်တူများဖြစ်ကြ၍ ပေါင်းစည်းနက်ဖြစ်သည်။ အိပ်မက်မက်သည်ဆိုသည်မှာလည်း စွဲမက်သည်ပင်ဖြစ်၍ ပေါင်းစည်းနက်ပင်တည်း။

လှေလုပ်သားဝေါဟာရများတွင် **ခိုင်းမက်**ဟူသော ဝေါဟာရရှိသည်။ မြန်မာအဘိဓာန်တွင် **ခိုင်းမက်**ကို "လှေကိုပွဲ့သည်" ဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။ လှေကိုပွဲ့သည်ဟူသော အဓိပ္ပာယ်သည် ယေဘုယျအားဖြင့် မှန်ပါသည်။ သို့သော် အသေးစိတ်အားဖြင့် ခွဲစိတ်နိုင်ပါသေးသည်။ ခိုင်းမက်ဟူသော ဝေါဟာရသည် ခိုင်းနှင့်မက်ကို ပေါင်းထားခြင်းဖြစ်သည်။ မြန်မာအဘိဓာန်တွင်ပင် **ခိုင်း**ကို "လှေကိုကမ်းမှခွာထွက်အောင် လှော်ခတ် (ပွဲ့) သည်"ဟု အဓိပ္ပာယ်ဖွင့်ပြီး **မက်**ကို "လှေကို ကမ်းနှင့်ကပ်အောင်ပွဲ့သည်"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ယင်းတို့မှာ ခိုင်းနှင့်မက်၏ အဓိပ္ပာယ်ဖြစ်သည်။ အနက်ရင်းမှာ ခိုင်းရောမက်ပါ ပေါင်းစည်းခြင်းဖြစ်သည်။

ဆင်ကို မြေတွင်ဝပ်စေရန်အတွက် အမိန့်ပေးရာတွင် **'မက်'** ဟု ဆိုရသည်။ အဓိပ္ပာယ်မှာ မြေတွင် ကပ်ပါ၊ ဝပ်ပါဟု ဆိုလိုသည်။ ပေါင်းစည်းနက်ပင်ဖြစ်သည်။ မြေမှာကပ်၊ မြေမှာဝပ် ဆိုလိုသည်။

**မ** ၏ တိုင်သံတစ်မျိုးမှာ **မတ်**ဖြစ်ပါသည်။ အသံအားဖြင့် တစ်မျိုး၊ အရေးအားဖြင့် **မတ်** နှင့် **မပ်**ဟူ၍ နှစ်မျိုးဖြစ်ပါသည်။ **မတ်** ၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "ဒေါင်လိုက်တည့်သော၊ ဖြောင့်သော"ဟု ဖွင့်ဆိုထားပါသည်။ ယေဘုယျအားဖြင့် ဒေါင်လိုက်တည့်သော၊ ဖြောင့်သောဟု အဓိပ္ပာယ်ဖွင့်သော်လည်း မည်သည့်အရပ်မျက်နှာမဆို ဦးတည်၍ တည့်နိုင်၊ ဖြောင့်နိုင်သောသဘောရှိသည်။ အိမ်ကို "တန်းတန်းမတ်မတ်ပြန်ပါ"ဟု ဆိုလျှင် မတ်မတ်သည် ရှေ့သို့တူရူ ဖြောင့်ဖြောင့်တည့်တည့်ဟု သိရသည်။ "တည့်တည့်မတ်မတ်ရပ်ပါ"ဟုဆိုလျှင် မတ်မတ်သည် ဒေါင်လိုက်ဖြောင့်ဖြောင့် တည့်တည့်ဟု နားလည်ရသည်။ ဖြောင့်မတ်တည်ကြည်သူဟုဆိုလျှင် **မတ်** သည် ဖြောင့်သော အဓိပ္ပာယ်ရှိသည်။ သို့ရာတွင် ထက်အောက်ဝဲယာ ညွှန်းပြခြင်းပြုပါသည်။ ချုပ်၍ဆိုရသော် **မတ်**နှင့်တွဲသောဝေါဟာရ၏ အဓိပ္ပာယ်ကိုလိုက်၍ အဓိပ္ပာယ်ဖော်ရပါသည်။ **မတ်**ကို တည့်၊ ဖြောင့်ဟု အဓိပ္ပာယ်ဖွင့်ဆိုလျှင် ခြုံငုံမိတန်ရာသည်။

**မ** ၏တိုင်သံ တစ်မျိုးမှာ **မပ်** ဖြစ်ပါသည်။ **မပ်** ကို မြန်မာအဘိဓာန်တွင် "တိမ်းသည်၊ စောင်းသည်"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ **မပ်** ဟူသော ဝေါဟာရကား တွေ့ရခဲသော ဝေါဟာရဖြစ်သည်။ များသောအားဖြင့် **တိမ်း** နှင့်တွဲ၍ **တိမ်းမပ်**သည်ဟု သုံးနှုန်းမြဲဖြစ်သည်။ **တိမ်း**နှင့် **မပ်** ကို အနက်တူဟု ဆိုကြသည်။ **တိမ်း**နှင့် မတွဲဘဲလည်း **မပ်**ကို တိမ်းသည်၊ စောင်းသည်၊ ညွတ်ယိုင်သည်၊ ယိမ်းသည် ဟူသောအနက်ဖြင့် သုံးသည်ကို တွေ့ရသည်။ "စုလည်းတပ်တပ်၊ ရွှေပုံစွပ်သို့၊ မမပ်ရှေ့နောက်၊" (ဘူလင်*၃၀၇) ဟူသော အကိုးသည် ထင်ရှားသော သက်သေဖြစ်သည်။ **မပ်** ၏ ရင်းမြစ်ကိုကြံဆရန် ခက်ပါဘိ။ ကြံမိသည်ကား **မပ်**သည် **မ** ကိုပင် သက်သံ၊ တိုင်သံဖလှယ်၍ ဖြစ်လာနိုင်သည်ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ **တိမ်း** ကို **မ**နှင့်တွဲ၍ တိမ်း**မ** မှ တိမ်း**မပ်** ဖြစ်လာလေသလော။ **မ** နှင့် **မပ်** အသံ ပြောင်းတတ်သည်။ ကြပ်မကို ကြပ်မတ် ဟု အသံထွက်သည်။ အသုံးလည်းတွင်သဖြင့် ကြပ်မတ်ဟုပင် ရေးကြရသည်။ အကယ်စင်စစ် **မ** ၏အနက် ပေါင်းစည်းဖြစ်၍ ပေါင်းစည်းကူညီသောအနက်ဖြင့် ကူမ၊ ကယ်မ၊ ကြပ်မ၊ စောင်မ၊ ထောက်မ၊ ဖေးမ စသည့်ဝေါဟာရများ ဖြစ်လာသည်။

### ယ

**ယ** ၏ အနက်လည်း 'ပေါင်းစည်းခြင်း၊ စုဖွဲ့ခြင်း၊ ဆက်စပ်ခြင်း' တို့ဖြစ်၏။ မြန်မာအဘိဓာန်၌ **ယ** တစ်လုံး၏ အဓိပ္ပာယ်ကိုမပြပါ။ ဒုတိယကျော်အောင်စံထား ဆရာတော်က **ယ** နှင့်ပတ်သက်၍ ဝေါဟာရတ္ထပကာသနီကျမ်းတွင် အဝဂ်ဗျည်းတို့တွင် **ယ** ကာရန္တကား ယုယသည်ဟူသော ဆိုမိန့်ခြင်း **ယ** သက်သက် ဝေါဟာရထင်၏ ဟူ၍ မိန့်မှာခဲ့ပါသည်။ **ယု**နှင့်ပတ်သက်၍လည်း "**ယု** ကာရန္တ၌ကား ယခင် ယုယသည် ဟူသောအရာ၌ **ယု** ဟူသော စကားခွန်းမျှသာထင်၏ ဟူ၍ မိန့်မှာခဲ့ပါသည်။ ထိုယုယသည်ဟူသော ဝေါဟာရကား ဖြည်းညင်းသာယာ ပျောင်းညံ့သက်စွာပြုမူခြင်း အနက်တည်း" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုတော်မူပါသည်။ မြန်မာအဘိဓာန်တွင်လည်း ယုယကို ချစ်ခင်ကြင်နာစွာ ပြုစုသည်ဟူ၍ပင် အဓိပ္ပာယ်ဖွင့်ပါသည်။

စင်စစ် **ယ** ၏ အနက်သည် ဖြည်းညင်းညင်သာစွာ ထိတွေ့ခြင်း၊ ညင်သာစွာထိစပ်ခြင်း၊ ခိုအောင်းခြင်း၊ ပေါင်းစည်းခြင်းကိုပင် ဆိုလိုပါသည်။ **ယ** သက်သက် တစ်လုံးတည်းတွင် ကြိယာအနက်သော်လည်းကောင်း၊ နာမဝိသေသနအနက် သော်လည်းကောင်း မရှိပါ။ ဤတွင် ခယသည်ဟူသော အဓိပ္ပာယ်ကို လေ့လာသင့်သည်ဟု ယူဆမိပါသည်။ **ခ** နှင့် **ယ** ကို တွဲ၍သုံးထားပါသည်။ **ခ** နှင့် **ယ** အနက်ဆက်နွယ်ပါသည်။ ပူးယှဉ်ပေါင်းစည်းနက်ပင် ဖြစ်သည်။ ထိန်းယ၊ အထိန်းအယ၊ အထိန်းတော်အယတော် စသည်ဖြင့် **ထိန်း** နှင့် **ယ** ကိုလည်း တွဲသုံးပါသည်။ ပေါင်းစည်းခြင်း အနက်ပင်ဖြစ်သည်။

သို့ရာတွင် **ယ** သည် **အ** နှင့် အနက်တူသည်ဖြစ်၍ **အ** နှင့် ပရိယာယ်ပြုလဲလှယ်၍ သုံးသည်ကို တွေ့ရပါသည်။ သာဓကအားဖြင့် အခုကို ယခု၊ အခင် ကို **ယ**ခင်၊ အခေါင် ကို **ယ**ခေါင်၊ အမန် ကို **ယ**မန် စသည် **အ** နှင့် **ယ** ဖလှယ်၍ သုံးစွဲကြပါသည်။

**ယ** ၏ တိုင်သံများမှာ **ယက်** နှင့် **ယပ်** ဖြစ်သည်။ **ယက်** ရော **ယပ်** ပါ ထိမိဆက်စပ်ပေါင်းစည်းနက်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် ယက်ကို "လက်၊ ခြေ စသည်ဖြင့် တစ်စုံတစ်ရာကို တူးဆွ ခြစ်ထုတ်သည်၊ ကော်ထုတ်သည်၊ တွန်းဖယ်သည်" ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဤတွင်လက်ခြေစသည်ဖြင့် တစ်စုံတစ်ခုကို တူးဆွရန်၊ ခြစ်ထုတ်ရန်၊ ကော်ထုတ်ရန်၊ တွန်းဖယ်ရန်မှာ လက်ခြေ စသည်ဖြင့် တစ်စုံတစ်ရာကို ထိတွေ့ရန်၊ ဆက်စပ်ရန်၊ ပေါင်းစည်းရန်သည် အဓိကကျသဖြင့် ပေါင်းစည်းခြင်းအနက်ကိုပင် အခြေခံပါသည်။ မြေကြီးတွင်ကြက်ယက်သည့်အခါ ကြက်ခြေထောက်သည် မြေကြီးနှင့် ထိတွေ့ခြစ်ထုတ်ဖယ်ရှားသည့် အခြင်းအရာသည် ယက်သည့်အခြင်းအရာဖြစ်သည်။ ယက်ခြင်း၏ အဓိကအခြင်းအရာသည် ခြစ်ထုတ်ဖယ်ရှားခြင်းဖြစ်သည်။

**ယ** ၏တိုင်သံတစ်ခုမှာ **ယပ်** ဖြစ်သည်။ **ယပ်** ၏အနက်လည်း ပေါင်းစည်းခြင်းပင်ဖြစ်သည်။ **ယပ်** ကို မြန်မာအဘိဓာန်တွင် "ယပ်တောင်စသည်ဖြင့် လေကိုခတ်သည်"ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဤတွင် ယပ်စသည်ဖြင့်လေကိုခတ်သည် ဆိုသည်မှာ ယပ်စသည်နှင့် လေကိုထိခတ်စေခြင်းဖြစ်သဖြင့် ယပ်စသည်နှင့် လေကိုပေါင်းစည်းထိခတ်မိစေခြင်းပင်ဖြစ်၍ ထိမိပေါင်းစည်းသော အနက်ဖြစ်သည်။ ထို့ပြင် ယပ်သည်၏ အခြင်းအရာမှာ လေကို မိမိဘက်သို့ဖြစ်စေ လေရောက်ရှိထိခတ်စေလိုသော ဘက်သို့ဖြစ်စေ ယက်ကော်ခြင်းဖြစ်၍ ပေါင်းစည်းနက်ပင်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Soe Thein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ အိုးလုပ်ရပ်ကွက်နေ စိုးသန်း(ခ)ထွေးထွေးအား မွန်းလွဲ ၂ နာရီ ၂၀ မိနစ်တွင် ထားဝယ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၄ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက် မကြီးရ။

( ဂ ) အခြေခံပညာအထွေထွေမတန်း (သို့) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

( င ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ၂၃-၉-၂၀၂၄ ရက်နေ့မှ ၆-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) အခြေခံပညာအထွေထွေမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက် လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံ လစာ (၁၅၀၀၀၀)ကျပ်နှင့်စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်း တပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာတပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။



## မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

**Services**

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services
- Mobile Banking Services and i Banking Services
- Foreign Banking Services

မိတ်ချရတာ မြဝတီ

Phone No: (01) 2301367, 2301368, 2301452, 2301378

## အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်အား
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563




အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

STARMART nine mile - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၈
KHA YAE PIN MART - ခရေပင်... ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅




## MWD ဗီဒီယာစင်တာ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဗီဒီယို/ရုပ်သံ ရိုက်ကူးထုတ်လုပ်သူများအတွက်...
အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ
အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...
LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား
ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။










No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township. 09-680101166,01-4705990,01-4705991,01-4705992 https;//www.facebook.com/Public Media Centre

❖ နိုင်ငံစီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေး ဆောင်ရွက်ရမည်ဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မထွက်ခြင်းပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်းက မြဝတီအက်ဖ်စီအသင်းကို ၄ ဂိုး ၃ ဂိုးဖြင့်အနိုင်ရရှိ



ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)အဖြစ် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် သစ္စာအားမာန်အသင်းက ၄ ဂိုး ၃ ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ လင်းထက်ဦးနှင့် မင်းမော်ဦးတို့က သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ကောင်းစည်သူနှင့် စောအောင်မျိုးထွန်းတို့က


စာမျက်နှာ ၂၇ ကော်လံ ၃ ◆

## MFF Royal–D U–19 Futsal Championship 2024 ပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစား

စာ - ၂၇ သို့

## အထူးမိုးလေဝသသတင်း

# ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် အောက်တိုဘာလ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ရောက်ရှိနိုင်




နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းဆဲလ်သည် ပိုမိုအားကောင်းလာနိုင်ကာ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)အဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာလ ၂၂ ရက်တွင် မုန်တိုင်းငယ်(Depression)အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာလ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၂၇ ကော်လံ ၁ ➩


Central Hotel
YANGON
အမှတ် - (၃၅၃ - ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..